
mgyoe.com

SAMPLE BOOK

# CHILDHOOD


ညီလင်းအိမ်




ရသအက်ဆေးများ

mgyoe.com

mgyoe.com
SAMPLE BOOK



illustrated by mar na

ISBN 978-99971-44-90-4
9 789997 144904
mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- မာဏ
တန်ဖိုး - ၄၅၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# CHILDHOOD

## ရသအက်ဆေးများ

ညီလင်းအိမ်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ

ဦးစွာ ဝန်ခံရရင် ဒီစာတွေကို ရေးဖြစ်ဖို့ အကြောင်းဖန်လာတာကလည်း ပြည်ပကို ရောက်သွားလို့ ဖြစ်ပါတယ်။ ထုံးစံအတိုင်း ကိုယ့်ချက်မြှုပ်ဒေသနဲ့ ဝေးပြီဆိုမှတော့ အရပ်တစ်ပါးကနေ လွမ်းရ ဆွတ်ရ သတိရတာ ဓမ္မတာပဲကိုး။ ၂၀၁၈ ခုနှစ်ထဲမှာတင် ထိုင်းနိုင်ငံကို ရောက်သွားတော့ ခုလို သတိရလွမ်းဆွတ်ခြင်း အကဲဆေးတွေကို ရေးဖြစ်မယ်လို့လည်း မထင်မိပါဘူး။

အလုပ်ထဲမှာပဲ အသားကျအောင် နေရင်း သတိရချိန် စာရေးချိန် ရမယ်လို့တောင် မအောက်မေ့မိ။ သို့ပေတဲ့လည်း ရှန်းရ ကန်ရတဲ့ အလုပ်ချိန်များမှာ ဇာတိမြေ လွမ်းစိတ်က ကူးပြောင်းလာတဲ့ ရာသီအခိုးအငွေ့တွေနဲ့အတူ ပေါ်လာပြန်တာပဲ။ တန်ခူးလ ရောက်ပြန်လို့ ဒီဘက်က ငုဝါပန်းတွေ ဝါထိန်ကြဲအောင် ပွင့်တာ မြင်ရပြန်တော့ အညာသင်္ကြန်ကာလကို သတိရမိပြန်တယ်။ ထိုင်းတို့မြေဆိုတာကလည်း ဘာသာစကား မတူတာကလွဲလို့ ကိုယ့်အမိမြေနဲ့ ထူးမခြားနားဆိုတော့ စိတ်အခံက မိမိရေမြေလို့ပဲ ထင်လာရတာတွေ။ နွေမှ မကြိုလိုက်နဲ့ဦး။ ရွက်သစ်လဲစ သစ်ရွက်ကလေးတွေကို မော့မကြည့်အားအောင် အလုပ်များနေရတာမျိုးမှာ ရာသီပေါ် ငှက်ကလေးတွေက သတိမလစ်ကြရှာ။ ကျွန်တော် နေထိုင်ရာမြေမှာလည်း ဥဩငှက်ကလေးတွေက ချက်ချင်းပဲ တွန်သံကျူးရင်း နွေရောက်ပြီဖြစ်ကြောင်း သတိပေးနေတော့တာ။ ဒါဆိုရင် အညာသား ကျွန်တော့်မှာ အညာလွမ်းရတဲ့ ဝေဒနာက ဘယ်လိုမှ ဖုံးလို့ ဖိလို့ မရတော့ဘူး။ အနီးနားက ရော်ဘာပင်တန်းကြီးတွေ မော့ကြည့်မိလိုက်၊ ဝင်လုဆဲ နေလုံးကြီးရှိရာကို လှမ်းငေးရီလိုက်နဲ့ အလွမ်းတွေ အရောင်ရင့်ပြန်ပါပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့ပဲ အိပ်မပျော်တဲ့ ညလယ်ယံတို့မှာ မိမိအညာဒေသအကြောင်း၊ ပြန်ရဖို့ မဖြစ်နိုင်တော့တဲ့ ငယ်ဘဝက လွမ်းဆွတ်ကြည်နူးဖွယ် ကာလများအကြောင်း၊ ပျောက်ရှခဲ့ရတဲ့ ဘဝအိပ်မက်၊ ပန်းအိပ်မက် စလို့ နှလုံးသည်းပွတ်ပေါ်ကို စိတ်အနာတွေ ကဆုန်ပေါက် ပွင့်ကန်လာတိုင်း ခံစားမှုစာစုတွေကို ချရေးမိခဲ့ပါတယ်။ ဆိုတော့ ဒီစာအုပ်ထဲက အကြောင်းအရာတွေက ကျန်ခဲ့ရတဲ့ ဘဝအပိုင်းအကန့်များအကြောင်းကို ရပ်ကြည့်သူတစ်ယောက်ရဲ့ အမြင်မျိုးနဲ့သာ ချဉ်းကပ် ဖွဲ့သီမိခဲ့တဲ့ စာစုတွေ ဖြစ်လာခဲ့ရပါတယ်။

သိကြတဲ့အတိုင်းပါပဲ။ ဆရာမြသန်းတင့်ရဲ့ ဇာတိဖြစ်တဲ့ ကျွန်တော်တို့ ကျေးလက်အညာမြေ ဆိုတာ တမာရနံ့တွေသာ သင်းပျံ့နေတတ်တာက လွဲလို့ ခြောက်သွေ့ ပူပြင်းလွန်းလှတဲ့ ဒေသ။ စိတ်ကြည်နူးစရာ ရှုခင်းစိမ်းစိမ်းတွေ မရှိ။ အပူငွေ့တွေကြောင့် ဘယ်ကိုကြည့်ကြည့် တံလျှပ်တွေအကြား မြင်ရတဲ့ အညာမြင်ကွင်းက ခြောက်သွေ့မှုန်ရီရင်း ကြည့်ရသူတွေပါ ပူလောင် အိုက်ပြုတ်သလိုဖြစ်ရတဲ့ အညာဒေသ။ နွေဦးရာသီဆိုရင် ပူလွန်းလောင်လွန်းလို့ ဘယ်ပြေးလို့ပြေးရမှန်းမသိအောင် အပူကဲလွန်းတဲ့ ကျွန်တော်တို့ အညာမြေ။ တစ်နှစ်မှာ တစ်ခါ နှစ်ခါလောက် ကြုံရတဲ့ ပျော်ပွဲ ရွှင်ပွဲကလေးလောက်ကိုပဲ စောင့်ဆိုင်းရင်း လူဖြစ်ရမှုရဲ့ ပျော်စရာကို ပေါက်ကွဲပေးရတဲ့ ကျွန်တော့် မွေးရပ်မြေ။

အဲဒီမွေးရပ်မြေကလေးကိုပဲ ကျွန်တော့်မှာ မငြိုမငြင်နဲ့ ချစ်ရ လွမ်းနေရတယ်။ ဒီအခါမှာ ခုစာအုပ်ထဲက အကြောင်းအရာတွေကလည်း ဖန်တီးထားမှုအလျဉ်းမပါဘဲ ကျွန်တော့် နှလုံးသည်းပွတ်ထဲကပဲ ထွက်ကျလာတဲ့ စကားလုံးစစ်စစ်တွေ ဖြစ်လာခဲ့ရပါတယ်။ စာရေးသူ ကျွန်တော့်အနေနဲ့ ယခု အက်ဆေးတွေထဲမှာ မိမိအညာမြေနဲ့ပတ်သက်လို့၊ မိမိရဲ့ ငယ်ဘဝ (Childhood) နဲ့ ပတ်သက်လို့ အလွန်အမင်း ဂုဏ်တင်ခြင်း၊ ဝေဖန်မှတ်ချက်ပေးခြင်း၊ စာဖတ်သူရဲ့ ခံစားမှုဆီကို စီရင်ချက်ပေးခြင်း စတဲ့ ရည်သန်မှုတွေ တစ်ခုမှ မပါအောင် ကြိုးစားပြီး ရေးဖွဲ့မိခဲ့တဲ့ စာစုတွေ ဖြစ်ပါတယ်။

ဒီမှာ မြန်မာပြည်အနှံ့အပြားက ရောက်လာကြတဲ့သူတွေနဲ့ ဆုံဆည်းအလုပ်လုပ်ရတာ ဆိုတော့ သူတို့ကလည်း မရောက်ဖူးကြတဲ့ ကျွန်တော်တို့ အညာမြေနဲ့ ပတ်သက်လို့ ဘာတွေ ရှိလဲ၊ ဘာအစားအစာတွေ ထွက်လဲ၊ လူသိများထင်ရှားတာ ဘာရှိလဲ စလို့ မေးကြ မြန်းကြပါတယ်။ သူတို့မေးသလို သိချင်ကြ

mgyoe.com

mgyoe.com SAMPLE BOOK

သလိုမျိုး အညာမြေနဲ့ စိမ်းနေကြမယ့် စာဖတ်သူ မိတ်ဆွေတွေဆီမှာလည်း ယင်းကဲ့သို့သော သိလိုမှုတွေ ရှိနေကြမယ် ထင်ပါတယ်။

ဒီလိုအခါမျိုးမှာကျွန်တော့်ရဲ့အက်ဆေးစာစုလေးတွေကအညာမြေနဲ့ အလှမ်းဝေးကြတဲ့ မိတ်ဆွေတွေ၊ ငယ်ဘဝရဲ့ အတိတ်ရနံ့တွေထဲကို ပြန်လည် ဆင်းသက်ချင်ကြသူတွေ၊အညာမြေထဲကလူငယ်တစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာ တရားအပေါ်ကို ရှုမြင် ခံစားမှုတွေ စလို့ ယင်းစိတ်ဆန္ဒ ချဉ်ခြင်းတွေထဲကို ခံစား သက်ဝင်ချင်ကြတဲ့ မိတ်ဆွေများအတွက် ပြန်လည် ပေါင်းကူးပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိဂုံးအားဖြင့် ယခုစာအုပ်ကလေးကို ထုတ်ဝေခွင့်ရအောင် အဖက်ဖက် က ကူညီပေးခဲ့တဲ့ မိတ်ဆွေတွေ၊ ပြီးတော့ စာပေရပ်ဝန်းအကြားမှာ လူသိနည်း လှတဲ့ စာရေးသူ ကျွန်တော့်လက်ရာကို ယုံကြည်စွာနဲ့ ထုတ်ဝေပေးတဲ့ ကုံကော် ဝတ်ရည် စာပေတိုက်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလို ပါတယ်။

ညီလင်းအိမ်

♦

mgyoe.com

mgyoe.com SAMPLE BOOK



## ညီလင်းအိမ်

၁၉၉၁ ခုနှစ်တွင် မွေးဖွားသည်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဖလံကန်ရွာ ဇာတိ ဖြစ်သည်။ အမည်ရင်းမှာ အောင်ဖြိုးလှိုင် ဖြစ်သည်။

၂၀၁၅ ခုနှစ်၌ 'ချစ်ပါရစေ' ဝတ္ထုတိုဖြင့် ရသစာစဉ် မဂ္ဂဇင်းတွင် စတင်ဖော်ပြခံရသည်။ ထို့နောက်တွင် Little One မဂ္ဂဇင်း၊ ရွှေအမြုတေ မဂ္ဂဇင်း၊ ကျေးရွှေတမာ မဂ္ဂဇင်း၊ နှင်းဆီဖြူ စာပေဂျာနယ်၊ ရသစာစဉ် မဂ္ဂဇင်း၊ The Voice ဂျာနယ် စသည်တို့တွင် ဘာသာပြန်ဆောင်းပါးများ၊ ရုပ်ရှင်ဆောင်းပါးများနှင့် ဝတ္ထုတိုများ ဆက်လက်ရေးသားခဲ့သည်။

စာရေးသူမှာ ယခုအခါတွင် ထိုင်းနိုင်ငံ၌ နေထိုင် အလုပ် လုပ်ကိုင်လျက်ရှိကာ 'ပါရီညသန်းခေါင်ယံ' ခေါင်းစဉ်နှင့် ရုပ်ရှင်ခံစားမှု အက်ဆေးများ စာအုပ်နှင့် 'ကမ္ဘာအတု' ဝတ္ထုလတ် စာအုပ်တို့အား ထုတ်ဝေထားပြီး ယခုထုတ်ဝေသည့် စာအုပ်မှာ စာရေးသူ၏ တတိယမြောက် အက်ဆေးစာအုပ် ဖြစ်သည်။

♦

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| | - စာရေးသူ၏ အမှာ | ၅ |
| | - ညီလင်းအိမ် | ၈ |
| (၁) | အဖွင့် | ၁၁ |
| (၂) | Facebook မပေါ်ခင်က ညများ | ၁၆ |
| (၃) | ဆည်းဆာပျော်ချိန် | ၂၂ |
| (၄) | သင်္ကြန်တစ္ဆေ | ၂၆ |
| (၅) | ဟတ်ပဲတစ်ချပ် တွေ့ရှိခြင်း | ၃၁ |
| (၆) | ပျားရည်မြစ်များ | ၃၆ |
| (၇) | ဆောင်းရဲ့ပွဲတော် | ၄၁ |
| (၈) | တမာမြို့တော်သွား တောလား | ၄၆ |
| (၉) | ဆေးရောင်ပြယ်နေတဲ့ နာရီ | ၅၁ |
| (၁၀) | ပန်းမဝင်တဲ့ ဂိမ်း | ၅၅ |
| (၁၁) | တောဖက်ရှင် | ၆၀ |
| (၁၂) | သုခမြို့တော်ထဲက ညများ | ၆၄ |


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| (၁၃) မျက်ဝန်းလှဲ့ပြာ ဇာတ်သိမ်းခန်း | ၇၂ |
| (၁၄) ပန်းဆက်သမား ပုံပြင် | ၈၀ |
| (၁၅) အဝါရောင် သီချင်း | ၈၆ |
| (၁၆) အချစ်စစ် ကြော်ငြာ | ၉၆ |
| (၁၇) ဆန်းစခါနွေ | ၁၀၁ |
| (၁၈) တောမင်္ဂလာဆောင် | ၁၀၇ |
| (၁၉) အညာရှော့ခ်အင်ရိုး | ၁၁၃ |
| (၂၀) ပန်းဆီရောင် ညနေခင်းများ | ၁၂၃ |
| (၂၁) ဟေမန္တဦး | ၁၃၁ |
| (၂၂) ကန်တော့ပွဲခါရာသီ | ၁၃၆ |
| (၂၃) ပုဂံဖတ်စာ | ၁၄၁ |
| (၂၄) နှင်းမှုန်ဆောင်းညမျှား အကြောင်း | ၁၄၅ |
| (၂၅) အမေ | ၁၅၃ |


mgyoe.com

mgyoe.com SAMPLE BOOK

## အဖွင့်

ဆရာ သစ္စာနီ၏ 'ပန်းပွင့်နှင့် လူ' ဝတ္ထုတိုထဲက သွားကိုက်နေသည့် ဇာတ်ကောင်ကို သတိရမိသည်။ မှောင်လွှန်းနေသည့် မိမိအခန်းအား မီးထဖွင့်လိုက်ချိန်မှာ လင်းကျင်းသွားသော်လည်း အမြင်တွေက ဝေဝေဝါးဝါး။ ညာဘက်ပါးတစ်ခြမ်းကမူ တဆစ်ဆစ် ကိုက်ခဲနေဆဲ။ လွန်ခဲ့သော ဆယ်နှစ်ခန့်လောက်က မနုတ်ဘဲ ထားပစ်ခဲ့သည့် သွားပုံ့ကလေးက အခုတော့ ဒုက္ခပြန်ပေးလာပြီဟု ဆိုရမည်။ အတိတ်ဆိုးဆိုးတွေလိုပေါ့။ မေ့ပျောက် ပြီးဆုံးသွားပြီဟု မှတ်ယူခဲ့ပေမယ့် အိပ်မက်တွေထဲမှာ တစ်ခါတစ်ရံ လာလာပြီး ဒုက္ခလာပေးတတ်သလိုမျိုး။ ယခု ကိုက်ခဲမှုကမူ အိပ်ရာက နိုးထလာသော်လည်း ပျောက်ကင်း မသွားသေးတာတော့ ဆိုးဝါးသည့် အခြေအနေတစ်ရပ်ပင်။ မှန်ကွဲကလေးထဲကနေ ညာဘက်ပါးစောင်က အံသွားအပုံ့ကလေးကို ကြည့်လိုက်တော့ မီးလောင်ပြင်ထဲက မီးကျွမ်း၍ မည်းနက်သွားရသည့် သစ်ပင်ငုတ်တစ်ခုလို ဖြစ်နေတာကို မြင်ရသည်။

သည်သွားကလေးထဲမှာ သွားပိုးတွေက ဘယ်လောက် အမြစ်တွယ်နေသလဲမသိ။ ထွင့်ခေါင်ဆရာတော်ဘုရားကြီးကိုတပည့်သာဝကတွေက ဒူးခေါင်းနားနှိပ်နယ်ပေးတော့ တွန့်ခနဲ ဖြစ်သွားတာကို မြင်ရ၍ သင်္ကန်းတွေ ဆွဲဖယ်ပြီး ချက်ချင်း လှန်ကြည့်တော့မှ လောက်ကောင်တွေ တက်နေသည့် အနာအိမ်ကြီးကို တွေ့လိုက်ရသည်။ ချက်ချင်း သုတ်သင် ဆေးကြောမည် ပြုကြရာ ဆရာတော်က သူတို့အိမ်ကို မဖျက်ဆီးဖို့ အတင်းတားမြစ်သည်ဟု စာတစ်ပုဒ်မှာ ဖတ်ဖူးခဲ့

mgyoe.com

mgyoe.com

SAMPLE BOOK


သည်။ သည်အတိုင်းပင် အမြစ်တွယ် နေထိုင်နေကြသည့် သွားပိုး ဗက်တီးရီးယား တွေကို ခုအတိုင်း ထားပစ်ရမလား စဉ်းစားမိသေးသည်။ အဲသည် လောက်လည်း မိမိမှာ ခန္တီပါရမီ မရှိမှန်း သိနေသည်။ သို့ဖြစ်စေကာမူ ကိုက်နေသော သွားကလေး အား ဘာမှ ဂရုမစိုက်မိသေး။ တစ်ချိန်က သူ့အနားသို့ ဝင်ရောက်လာခဲ့သမျှကို မာသည်၊ ပျော့သည် ရွေးချယ်မှု မရှိခဲ့ဘဲ ဝါးခြေပေးခဲ့သည့် သူ့ကို အနားယူခွင့် ပေးခြင်းသည် မှန်ကန်သော ရွေးချယ်ခွင့်ဟု တွေးထားရမလား မသိ။

ခုတော့ သည်အတိုင်းပင်။ အခန်းထဲကနေ အပြင်ကို ထွက်လိုက်တော့ ညနေရီတရော အချိန်ပင် ရှိနေပြီ။ အခန်းရှေ့က ဓာတ်တိုင်တွေမှာ မီးရောင်ဝါဝါ တွေ ထွန်းညှိထားကြပြီ။ အဝေးက ဘောလုံးကွင်းဆီကနေ မြူးကြွသော ဂီတသံ တွေ လွင့်လာသည်။ နှစ်သစ်ကူးရက်မို့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေတာ ဖြစ်သည် ဟု တစ်ဦးတစ်ယောက်ဆီကနေ ကြားခဲ့မှုအရ သိနေသည်။ လမ်းမပေါ်မှာ အရောင်အသွေးစုံ အင်္ကျီသစ်သစ်လွင်လွင်များကို ဝတ်ဆင်ကာ လမ်းသလားနေ ကြသော လူတွေကို မြင်ရသည်။ မိမိကိုယ် အထက်ပိုင်းကမူ အင်္ကျီဗလာ ကျင်း။ အောက်မှာ ဖစ်မပါသော ဘောင်းဘီတို။

ရေချိုးခန်းထဲ ဝင်ပြီးတော့ သွားတိုက်၊ မျက်နှာသစ်လိုက်သည်။ ဂီတသံတွေ က နားထဲကို ဝင်ရောက်လာပြန်သည်။ သူ့အနေနဲ့ သည်ပွဲဟာ သူနှင့် သက်ဆိုင် သလား။ သူလည်း လူသားတစ်ယောက်။ အာရုံငါးပါးနှင့် ဖွဲ့စည်းထားသော လူသား တစ်ယောက်။ ဂီတသံကြားလျှင် ကခုန်ချင်စိတ် ရှိရမည်။ အစားအသောက်နံ့ ကို ရလျှင် ဝမ်းဗိုက်က ဆာလောင်ကြောင်းကို တုံ့ပြန်ပေးရမည်။

သို့ဖြစ်စေကာမူ သွားကလေးက တဆစ်ဆစ် ကိုက်နေတုန်း။ ပါးစောင် ကို လက်နှင့် နှိပ်နေမိပြန်သည်။ ပွဲတော်ထဲကို သွားလိုက်စမ်းပါ။ အဲသည်မှာ ပျော်နေကြတဲ့ ယောကျ်ား၊ မိန်းမတွေ။ သူတို့ကို သွားပြီး ကြည့်ကြည့်လိုက်။ ဘဝ ဆိုတာ မြွေတစ်ကောင်လို လွတ်နေတဲ့ ကျင်းထဲ ဝပ်ခွေနေဖို့ ဖြစ်လာတာ မဟုတ်ဘူး။

ဆားငံရည် ပူပူကလေးတော့ ငုံရင် သက်သာတန် ကောင်းရဲ့ဟု စဉ်းစား မိပေမယ့် မိမိအနားမှာ ရေနွေးပူလည်း ရှိမနေ။ ဆားပွင့်တွေ ထည့်ထားရာ ဘူးက ဘယ်မှာတုံး။ ခေါင်းတစ်ခုလုံးကလည်း ထုံထိုင်း မူးနောက်နေဆဲ။ ပျော်ရွှင်စရာ ကို ဘယ်က စရမလဲ ဆိုသည့် မေးခွန်းက ပြန်ဖြေရ အတော် ကျပ်လွန်းလှသည်။ လက်ထဲက ပိုက်ဆံကလေးနှင့် အနီးဆုံး စူပါမားကက်ကလေးထဲ ဝင်ပြီး ဘီယာ တစ်လုံးလောက် ဝယ်မော့လိုက်ရင်ကော။ သို့တိုင်အောင် သွားကလေးကမူ တဆစ်ဆစ် ကိုက်ခဲနေဦးမှာ သေချာသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


သည်ပွဲတော်ထဲမှာ မိန်းမလှတွေ အတော်များများ ပါသည်ဟုလည်း သိထားမှုအရ သူတို့တွေ သိပ်လှပနေတာ။ ရယ်မောနေကြတာ။ ဘောလုံးကွင်းထဲက သူတို့နှင့် သက်ဆိုင်ရာအသင်းက ကစားသမားဘောလုံး ဆွဲယူသွားတိုင်း လက်ခုပ်တီး အားပေးတာ။ ယင်းအမှုအရာတွေကို ကြည့်ရှုလိုက်ရင်ကော ပျော်ရွှင်မသွားနိုင်ဘူးလား။ ရင်ထဲမှာ ကဗျာတွေ ဘာတွေကို သတိရမသွားနိုင်ဘူးလား။ ခုလို တိမ်တွေ ခပ်ပါးပါးနဲ့ လင်းပနေတဲ့ ညနေဆည်းဆာဟာ အမှတ်တရနေ့ကလေးတွေ ဖြစ်မသွားနိုင်ပေဘူးလား။ ခုလိုညနေထဲမှာ သိပ်လှတဲ့ ကောင်မလေးတစ်ယောက် ရယ်မောနေတာကို မြင်ခဲ့ရ။ ဆည်းဆာဟာ ခိုင်မြဲလှတဲ့ ကျောက်တိုင်။ လက်ခုပ်သံတွေတိုင်းမှာ ပွင့်နေတဲ့ ပန်းတွေ သူမ ရှိရာဆီ ဦးညွှတ်သွား။ စ,လို့ပေါ့။

စက်ဘီးကလေးကို ထုတ်ပြီး ယင်းနေရာဆီကို ထွက်သွားဖြစ်ခဲ့သည်။ စတိုးဆိုင်ထဲကနေ ဘီယာအစား လစ်ပို ပုလင်းကို ဝယ်သောက်ဖြစ်သည်။ ယင်းပုလင်းထဲက ဓာတ်သတ္တိများသည် ထုံထိုင်းနေသော မိမိ အာရုံကြောများအား ကြည်လင်အောင် ပြန်ဖြည့်ပေးနိုင်လောက်ပါမည်။ သွားကလေးကတော့ မငြီးမငြူ ကိုက်ခဲပေးနေတုန်းပင်။ မိမိရှေ့က လူအုပ်ကြီးသည် ထင်ထားသည့် အတိုင်းပင် ဆောင်းဘောက်စ် စပီကာများမှ လွှင့်ထွက်လာသည့် အသံများ၏ စည်းချက်နှင့်အညီ အော်ဟစ် ခုန်ပေါက်နေကြသည်။ ဘောလုံးကွင်းထဲက ကစားသမားတွေကလည်း ပရိသတ်တွေ၏ အလယ်မှာ ဗားရှင်းမြင့် စက်ရုပ်များသဖွယ် အရှိန်မြင့် ပြေးလွှား ကန်ကျောက်နေကြ၏။

သူ့အနေဖြင့်မူ သည်လောကနှင့် ဘာမှ မသက်ဆိုင်သလို ပို၍ အကျုံးမဝင်သလို ခံစားရသည်။ သွားကိုက်ဝေဒနာ၏ လှုံ့ဆော်ပေးမှုအရကနေသာ မိမိ၏ ဖြစ်တည်မှုကို သိရှိနေရသည်။ လူအုပ်ကြီး၏ အနားသတ်နားဆီ ရပ်နေမိသော်လည်း ရှေ့ကို အာရုံစိုက်နေသော လူအုပ်ကြီး၏ အကြည့်များသည် မိမိ ရှိရာဆီကို စဉ်းငယ်မျှပင် ရွှေ့မလာ။ သူသည် လူတစ်ပိုင်း၊ တစ္ဆေတစ်ပိုင်းလား။ သူ့ကို လူတွေက မမြင်တွေ့နိုင်လောက်အောင်ပင် လူသားတစ်ယောက်ဆီက အင်္ဂါရပ်တွေ ညှိုးမှိန် ပျောက်ကွယ်နေပြီလား မသိ။ တချို့သော လူငယ်များကမူ မသတ္တဝါတွေ မြင်သာအောင် ခေတ်ပေါ်အင်္ကျီ၊ ဘောင်းဘီရှည်များဖြင့် ခုန်ပေါက်အသံပေးနေကြသည်။ တချို့သော မိန်းကလေးတွေက စမတ်ဖုန်းတွေကို ထုတ်၍ သူရို့၏ ဖြစ်တည်နေမှုကို သိရှိ ထင်ပေါ်စေရန် Live လွှင့်နေကြသည်။ Group selfie တွေ ရိုက်ကူးလျက် ရှိကြသည်။ တချို့သော လူအချို့ကမူ လူအုပ်ကြီးရှေ့

mgyoe.com

mgyoe.com

SAMPLE BOOK


မှာ ပြေးလွှားနေကာ သူ၏ အရေးပါမှုကို အော်ဟစ်ပြမှုပြုလျက် ရှိသလို မိုက်ခရိုဖုန်းကို အော်ဟစ်နေသူကလည်း သူ၏ အရေးပါမှုကို အာရုံစိုက်မိစေရန် လက်ခုပ်တီးဖို့ အားပေးဖို့ လှုံ့ဆော်ပြလျက် ရှိသည်။ ထိုအခါတွင် လူအုပ်ကြီးကလည်း လက်ခုပ်တီး အော်ဟစ်လိုက်ကြပြန်သည်။ သူ၏ ဖြစ်တည်မှုကတော့ သွားကလေးက တဆစ်ဆစ် ကိုက်ခဲလျက် ရှိနေတုန်း။

ကျွန်တော့် သွားကလေးက တအား ကိုက်တာပဲ၊ သိလား။ မျက်လုံးများ မှိတ်ထားလိုက်ရင်လေ အဲဒီနေရာက အာရုံကြောတွေက ခန္ဓာကိုယ် တစ်ခြမ်းလုံးကို ဆွဲခေါ်သွားသလား အောက်မေ့ရအောင် ခေါင်းတစ်ခြမ်းလုံး၊ ပါးတစ်ခြမ်းလုံးက အကြောတွေက ဒိတ်ခနဲ ဒိတ်ခနဲ ခုန်ပေါက်နေကြတာ။ 'မ'လို ကျွန်တော် ရယ်ပြီး အော်ချင်တာ။ ကျွန်တော် ရယ်တာ ကြည့်ကောင်းလားလို့ မေးချင်တာ။ မ, ရယ်နေတာလေးကတော့ တကယ်လှပါတယ်၊ တကယ်။ ဒီညနေခင်းကလေး အကြောင်း ကျွန်တော့် စာထဲကို ထည့်ရေးဖြစ်မယ် ဆိုရင် 'မ' ရယ်တာ သိပ်လှတဲ့ အကြောင်းကို ချန်ထားပစ်လို့ ရမှာ မဟုတ်တော့ဘူး။

သူ့ရှေ့က ကမ္ဘောဒီးယားသူ တစ်ယောက် ရယ်မောနေတာ ကြည့်ပြီး မိမိစိတ်ထဲက စကားလုံးတွေကို ထုတ်ပြောနေမိပြန်သည်။ သို့တိုင်အောင် သွားကလေးက ကိုက်ခဲနေတုန်းပင်။ ဂီတသံများသည် မိမိအား လှောင်နေသလို ခံစားလာရသည်။ နီမောင်းသော မီးရောင်ထင်းထင်းအောက်က ကမ္ဘောဒီးယားသူ၏ အလှသည် မိမိနှင့် ဘာမှ မသက်ဆိုင်မှန်း သိလာရသည်။ မိမိ၏ ဘာသာစကားများသည် သူတို့နှင့် ခြားနားနေရာ သင်္ကေတ တစ်ခု။ မနေ့က သိရှိထားခဲ့သော သူလို ဗမာတစ်ယောက်ကိုလည်း သည်နေ့မှာ ထပ်တွေ့တော့ မိမိ နှုတ်ဆက်ရမလား။ ဘာစကား ဆိုရမည်လဲ မသိ။ ခုပျော်ပွဲ အကြောင်းလား။ ဘောပွဲအကြောင်းလား။ သည်စကားတွေကကော အရေးပါသလား။

နောက်ဆုံးမှာတော့ ပွဲခင်းထဲကနေ ဝေးကွာရာ ဘက်ဆီကို တရွေ့ရွေ့ ထွက်လာဖြစ်တော့သည်။ အသံများသည် တစ်စတစ်စ ပါးလျလာပါပြီ။ မိန်းမလှများ၏ ပုံရိပ်တွေကိုလည်း မြင်ရဖို့ မရှိတော့ပါ။ သည်အခါမှပင် သွားကလေး၏ တဆစ်ဆစ် ကိုက်ခဲနေမှုကို ပို၍ ခံစားလာရသည်။ စောစောက မိမိ စိတ်အာရုံများသည် သူတို့လို ထပ်တူပျော်ဝင်ဖို့ နည်းလမ်းတွေကို ဖြန့်ကြက်ရင်း သွားကိုက်ဝေဒနာကို အနည်းငယ် ကင်းပ မေ့လျော့မိခဲ့သည်။ ခုမှပင် မိမိ သွားကလေး မနားမနေ ကိုက်ခဲနေတာကို ပြန်ပြီး ပိုပြီးတော့ သတိပြုမိသွားရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သွားကိုက်ဝေဒနာသာ ပျောက်ကင်းသွားခဲ့လျှင် နောက်ထပ် နေ့ရက်တွေ ဖြစ်တည်မှုအတွက် ဘယ်အရာကို ထပ်ရှာရမလဲ သူ ရှာဖွေ မတွေးမိနိုင်သေး။

သည်အခါတွင် ပြည်ပရောက် ညခင်းများထဲက အိပ်မရသော ညတိုင်းမှာ သူ၏ဖြစ်တည်မှု နေ့ရက်အများစုသည် အတိတ်နေ့ရက်များဆီသို့သာ လွင့်မျောရောက်ရှိစ ပြုလာသည်။ ယင်းသို့ တွေးတောလိုက်တိုင်း ညရိရိများသည် ခါတိုင်းကလို ငြီးငွေ့ဖွယ်ရာဟု သိပ်မထင်ချင်တော့။ သူသည် ကလေးငယ်တစ်ယောက် ပြန်ဖြစ်သွားသည်။ လက်ရှိ ရောက်ရှိနေရာကနေ လှမ်းမြင်ရသည့် ကောင်းကင်ပြင်ကျယ်သည် ငယ်ဘဝများမှ ကောင်းကင်တစ်ခုလိုပဲ ထင်လာသည်။ ငယ်ဘဝတုန်းကလည်း ညရောက်တိုင်း ငေးကြည့်စရာ ရှိတာ ဆိုလို့ ခုလို ကြယ်စုံညတွေပဲ ရှိခဲ့တာ မဟုတ်ပါလား။ သူ့မှာတော့ ကြယ်တွေအစား ဇာတိရွာငယ်ကလေးကို ကန့်လန့်ဖြတ်နေသော ရေမလာသည့် သဲချောင်းသွယ်ကလေး။ တောင်ပူစာပုံလို မြင့်မောက်နေသော မြေပဲရိုးဆိုင်ပုံကြီးများ။ လည်ဆံကို ယမ်းခါလိုက်ပုံကနေ မြည်လာသော ချူသံများ။ နွားပေါက်စကလေးများ၏ အော်သံများ။ ကလေးများ၏ အော်ဟစ်သံများ။ မန်ကျည်းပင်များ ပတ်လည်ဝိုင်းနေပြီး နှင်းတွေ သိပ်သိပ်သည်းသည်း ကျဆင်းနေသော ရွာကလေး၏ ဆောင်းည မြင်ကွင်းများ စသည်တို့ကို ပြန်လည် မြင်ယောင်လာသည်။

ထို့နောက်တွင် အတွေးဘူတာရုံထဲကနေ နောက်ပြန် ထွက်ခွာနေသည့် ငယ်ဘဝဟု အမည်သညာပေးထားသော အတိတ်ရထားကြီးပေါ်ကို စိတ်လိုလက်ရ ခုန်တက်ခဲ့လိုက်သည်။ ရထားဖြတ်သန်းနေရာ မြင်ကွင်းတစ်လျှောက်လုံးတွင် ငယ်ဘဝကို ပြသနေသည့် ရုပ်ရှင်များကို ပြန်လည် မြင်ကြည့်လို့ ရလာသည်။

ရထားက ခပ်နှေးနှေးကလေး ပြေးနေတာ မဟုတ်သောကြောင့် တချို့သော ဇာတ်ဝင်ခန်းတွေက ရှင်းရှင်းလင်းလင်း မရှိ။ ဝေ့ဝေ့ဝါးဝါးကလေးသာ ပြန်မြင်ရသည်။ အချို့ ဇာတ်ဝင်ခန်းတွေကမူ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား။ သူသည် ငေးကြည့်နေရင်း စိတ်ထဲ စွဲထင်လာသမျှကို စာသားများအဖြစ် ပြန်လည် ရေးချလိုက်သည်။

ယခုဇာတ်ဝင်ခန်းမှာ ငယ်ဘဝတမ်းတခြင်း အပိုင်းတွဲထဲက အခန်းတစ်ဟု မှတ်ယူလို့ ရနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## Facebook မပေါ်ခင်က ညများ

ငါတို့ဆီမှာ Facebook တွေ မရှိသေးတဲ့ ညတုန်းက Mp4 တစ်လုံးနဲ့ Portable TV လေးရှိတဲ့ ကောင်က ငါတို့ဆီမှာ အကောင်ပဲ။

ညမိုးချုပ်လို့ အမှောင်ရင့်ပြီဆို ငါတို့ လူငယ်တွေ စုကြ၊ ရွာဘက်က ကိုအောင်သင်း လုပ်ရောင်းတဲ့ ဘက်ထရီအိုးတွေ အိမ်က မသိအောင် ခိုးပြီး Portableရှိတဲ့ ကောင်ကို အသာပင့်လို့ ရွာတောင်ဘက်က မန်ကျည်းပင်အောက်မှာ ငါတို့ရွာအခေါ် နောက်ကားတွေ ဒိန်းတလိန်းကားတွေ စုကြည့်ကြတာပေါ့။ ဒါမှမဟုတ်ရင် နွားလှည့်ကော့ပြီး လှည်းပေါ်မှာ ရွာထဲက အသံချဲ့စက် ရှိတဲ့ ကောင်ရဲ့ စက်တွေကို အပေါ်တင်ပြီး ရွာအနှံ့ နားငြီးအောင် ဖွင့်ပြီး လှည်းကို ပတ်မောင်းကြတာပေါ့။

ရွာတောင်ဘက်က မန်ကျည်းပင်အောက်မှာ ရွာခံလူကြီးတွေက နောက်ကနေ လာချောင်းကြည့်တာတောင် ငါတို့ မသိလောက်အောင် တီဗွီကို အာရုံစိုက်မိနေလိုက်ကြတာ။ မနက်လည်း ရောက်ရော နောက်ကားကြည့်တဲ့ လူထဲမှာ ငါက ရှေ့ဆုံးက တဲ့။ ရွာထဲမှာ ငါ့နာမည်တွေ သတင်းမွှေးလို့ အိမ်က လူတွေနဲ့ မျက်နှာချင်းဆိုင်ရမှာလည်း ရှက်။ စိတ်ထဲ ခံရခက်လွန်းလို့ နှစ်ရက်လောက် ပုန်းနေမိရတယ်။

facebook မပေါ်ခင် ကာလတုန်းက ရွာဘက်တွေမှာ မျှော်စရာဆိုလို့ တပို့တွဲပွဲနဲ့ အရှေ့ဘက်ရွာက ဗီဒီယိုပဲ အားထားစရာ ရှိတယ်။ သူတို့ရွာတွေက

mgyoe.com

 mgyobe.com SAMPLE BOOK 

မီးစက်ပျက်လို့ ဗီဒီယို မပြတော့ဘူးဆို ရွာလယ်ကောင်က လူပျိုကုန်းဟာ ငါတို့လို ကြီးကောင်ငင်စ လူငယ်တွေအတွက် အိတ်စ်အန်အိတ်စ်အိတ်စ် ဝီကီပီဒီယာ ကုန်းပြင်ကြီးပေါ့။ မွမွကြေနေတဲ့ သဲဇာမြေတွေဟာ လရောင်ဖြူဖြူရဲ့ အောက်မှာ အေးစိမ့်လို့၊ အဲဒီ သဲမြေပေါ် ငါတို့အောက်ခံပုဆိုးတွေ ခင်းပြီး မှောက်ရက်အိပ်တဲ့ ကောင်က အိပ်၊ ပက်လက်လှန်တဲ့ ကောင်က လှန်၊ တစ်တီတူးလို ဒူးထောင်ပြီး ဆေးပေါ့လိပ် ဖွာသူက ဖွာ၊ စကားပြောကောင်းတဲ့ ကာလသားကြီးတွေရဲ့ ညစ်ညမ်းတဲ့ လိင်မှု စကားလုံးတွေ အောက်မှာ ငါတို့စိတ်ဟာ နွေးလို့။ မမြင်ဖူးသေးတဲ့ ဣတ္ထိယတွေရဲ့ ကောက်ကြောင်းတွေကို လေထဲမှာ ဖမ်းဆုပ်လို့။ လက်တွေဟာ စေးထန်းလို့။ မျက်လုံးတွေဟာ ပွင့်လို့။ သူတို့ ချိန်းတွေ့တဲ့ အကြောင်းတွေ ပြောတယ်။ ကားမောင်းရင်း တားစီးတဲ့ ကောင်မလေးတွေနဲ့ နှစ်ကိုယ့်တစ်စိတ် နေခဲ့တာတွေ ပြောတယ်။ သူဌေး နောက်မိန်းမကို ကြာကူလီ သွားရိုက်မိလို့ သေနတ်နဲ့ လိုက်ပစ်ခံရတဲ့ ထိုင်းပြန်တစ်ယောက်ရဲ့ ယိုးဒယားသွား တောလားတွေ ပြောတယ်။ မုဒိမ်းကျင့်ခံရပြီး သေနေတဲ့ မိန်းမတစ်ယောက်ရဲ့ မြင်ကွင်းကို စိတ်ကြွအောင် ပြောတယ်။ နယုန်ပွဲတုန်းက ပွဲကြားထဲ တိုးနေတဲ့ မိန်းကလေးတွေရဲ့ ခန္ဓာကိုယ်ကို ဘယ်လို လက်အရသာ ယူခဲ့တာတွေကို ပြောတယ်။

အရှေ့ဘက် ဗီဒီယိုရုံက ပြတဲ့ တာဇံဒိန်းတလိန်းကားအကြောင်း ပြောတယ်။

ငါတို့လူငယ်တွေ အကြားမှာ တစ်နေကုန် တွေးမိချိန်ရတိုင်း စိတ်ထဲကပ်ပါနေတာက အဲဒီမိန်းမတွေ အကြောင်းပဲ။ အချစ်ဝတ္ထုတွေ ဖတ်မိလို့ စိတ်ကူးယဉ်မိတိုင်းလည်း အဲဒီ မိန်းမတွေ အကြောင်းပဲ။

Facebook မပေါ်ခင်ကာလ ငယ်ဘဝတုန်းက နွေကျောင်းပိတ်ရက်ရောက်ပြီ ဆိုရင် လယ်ကွင်းတွေ ကြားထဲ သွားပြီး ရှဉ့်လိုက်ပစ်ကြတယ်။ သီးနေတဲ့ သရက်ပင်တွေကို သွားခိုးစားကြတယ်။ ဩဇာသီးတွေ ခိုးစားကြတယ်။ ငါးမျှားခွင့် ပိတ်တဲ့ ဘုန်းကြီးကျောင်းနားက ကန်မှာ ငါးခိုးမျှားကြတယ်။ ဘုန်းကြီးနဲ့မိလို့ ငါးမျှားချိတ်တွေ အသိမ်းခံရတဲ့ အခါမှာ ညအချိန် ရောက်ရင် တစ်ခေါက်ပြန်လာပြီး ဘုန်းကြီးကျောင်း ခေါင်မိုးကို လေးခွနဲ့ ပစ်ကြတယ်။ နေ့ခင်းဘက်မှာ ဘုန်းကြီးကျောင်းသားတွေနဲ့ လေးခွစစ်ပွဲတွေ ခင်းကြတယ်။

ဘာသာတရားနဲ့ နီးတိုင်းသာ ယဉ်ကျေးစတမ်း ဆိုရင် ငါတို့ကျောင်းဘက်က ဘုန်းကြီးကျောင်းသားတွေ၊ ကိုရင်တွေ မြန်မြန် ကျွတ်တမ်းဝင်မှာ အသေ

mgyobe.com

mgyoe.com

အချာပေါ့။ ခုတော့ ငါတို့ထက်တောင် မိုက်ရိုင်းတယ်။ ငါတို့က ရေကန်ထဲ ရေခိုးကူးရုံ၊ သရက်သီး ခိုးစားရုံ၊ ဇာတ်ပွဲတွေ လာကတဲ့အခါ ဇာတ်ရုံထဲက ပြဇာတ်ကချိန်မှာ သုံးတဲ့ သေနတ်ကြီးတွေ ခိုးလေ့ ရှိတာနဲ့ ယမ်းသေနတ်သည်ဆီက သေနတ် ခိုးတာက လွဲလို့ မမိုက်ရိုင်းတတ်ဘူး။ ဘုန်းကြီးကျောင်းသားတွေက ငါတို့ ကျောင်းသွားတဲ့ လမ်းမှာ ကျင်းတွေ တူးပြီး ကျင်းအောက်မှာ သူတို့ရဲ့ မစင်တွေကို ထည့်ထားတယ်။ လေးခွနဲ့ ချောင်းပစ်တတ်တယ်။ မိန်းကလေးတွေကို သက်န်းတွေ၊ ပုဆိုးတွေ လှန်ပြတတ်တယ်။ ငါတို့ ခွင့်လွှတ်နိုင်မှု တာကုန်ပြီလေ။

ငါတို့ ဇာတ်ကားထဲမှာ မြင်ဖူးနေကျ သီဟတင်စိုး မှောက်လျားထိုးတက်တဲ့ ပုံစံ ဖမ်းပြီး ပဲစင်းငုံခင်းတွေ၊ နွားမတိုး ချုံတွေကြား ဝမ်းလျားထိုးသွားပြီး ဘုန်းကြီးကျောင်းထဲက ဝါးရုံတွေကို အကာအကွယ်ယူထားတဲ့ ဘုန်းကြီးကျောင်းသားအဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်ရတာပေါ့။ နွားတွေရဲ့ ခြေထောက်ဆို ခြေထောက်၊ နားရွက်ဆို နားရွက် ခေါက်ခနဲ မှန်အောင် ပစ်နိုင်တဲ့ ငါတို့အဖွဲ့ထဲက မြန်မာပြည် ကောင်းဘွိုင်တွေရဲ့ လေးခွပစ်စကေးကို သူတို့ ဘယ်ယှဉ်နိုင်မလဲ။ လက်တွေ၊ ကိုယ်တွေ မှန်ကြတဲ့အခါ ထွက်ပြေးကြတော့တာပေါ့။ ငါတို့ဟာ ရွာခံမိန်းကလေးတွေရှေ့ သူရဲကောင်းကြီးတွေ ဖြစ်လို့၊ နောက်နေ့လည်း ရောက်ရောကျောင်းမှာ ဆော်ပလော်တီး ခံရတော့တာပဲ။

Facebook မပေါ်ခင် ကာလတုန်းက ငါတို့က ဗီဒီယို မကြည့်ဖြစ်တဲ့ ညပ လူပျိုကုန်းမှာ ဒိန်းတလိန်း ဇာတ်ကားတွေအကြောင်း မပြောဖြစ်တဲ့ ညတွေဆိုရင် ရွာထိပ်က ရေကန်ကို သွားပြီး အပန်းဖြေကြတယ်။ ရေကူးတဲ့ ကောင်က ဆင်းကူး၊ ပုစွန်ဖမ်းတဲ့ ကောင်က ဖမ်း၊ ငါးထောင်တဲ့ ကောင်က ထောင်ပြီး ကန်ထဲမှာတင် မီးမွေးပြီး ကင်စားကြတယ်။ ထန်းရည် ကြိုက်တဲ့ ကောင်က ထန်းရည်လေးနဲ့ မြည်းပေါ့။ မိုးတွေ သည်းသည်းထန် ရွာတဲ့ည ဆိုရင်တော့ ငါတို့လူငယ်တွေ စက်ဘီးကျွတ်စကို ဖြပြီး ကျားခေါင်းတံဆိပ် ဓာတ်မီးခေါင်းမှာ ဖောက်တပ်တယ်။ ပြီးရင် နဖူးကို ဓာတ်မီးခေါင်း တပ်ထားတဲ့ ကျွတ်စနဲ့ ပူးချည်၊ တစ်ဖက်က ဘက်ထရီအိုး ဆွဲပြီး ဖားကောက် ထွက်ကြတယ်။ ယာခင်းတွေ၊ လယ်ကွက်တွေကြားမှာ ဖားရှာနေကြတဲ့ ငါတို့လူငယ်တွေရဲ့ မီးရောင်တွေ တဝင်းဝင်းနဲ့ပေါ့။ ဖားရှာရင်းနဲ့ မြွေပွေးတွေ တွေ့ရင် ရိုက်သတ်ကြ။ မြွေပွေးသည်းခြေက အိမ်ထောင်သည်တွေအတွက် ကောင်းတယ်ဆိုလို့ မိန်းမရပြီးသား ကောင်တွေက ချက်ချင်းဓားနဲ့ခွဲ မျိုချကြတယ်။ ဖားတွေ တစ်ပိသာလောက် ရပြီဆို ရေနွေး ဆူဆူထဲ

mgyoe.com

 mgyobe.com SAMPLE BOOK 

ထည့်ဖြော၊ ရောင်းတဲ့သူက ရောင်း၊ အိမ်မှာတင် စားမယ့်သူက တံစို့ထိုး အခြောက်လှန်းသူက လှန်း၊ ကြော်သူက ကြော်၊ ဥသျှစ်ရွက်ကလေးနဲ့ ချက်သူက ချက်ပေါ့။ နေပျို့ချိန် ရောက်ပြီ ဆိုလည်း ကာလသားတွေရဲ့ ထန်းရည်ဝိုင်းမှာ ဖားသားကြော်ကလေးတွေနဲ့ ကြက်သွန်လေး နိုင်းချင်းနဲ့ မြလို့။

အခုလို Facebook မပေါ်ခင်တုန်းက ဖက်ရှင် ဆိုတာ ဗီဒီယိုထဲက မင်းသား၊ မင်းသမီးတွေဆီက အတုခိုးရတာ။ တိုက်တန်းနှစ်မင်းသား ပါတဲ့ ဇာတ်ကား တောင်ဘက်ရွာက ဗီဒီယိုရုံမှာ ပြရာကနေ။ အဆိုတော်ကနေ မင်းသားပါ လုပ် လိုက်သေးတဲ့ စည်သူလွင် ခေတ်စားရာကနေ ငါတို့ဆီမှာ တိုက်တန်းနှစ်ကေ ဆိုတာ ခေတ်စားခဲ့တယ်။ မျက်နှာလေးထောင့်ကျနဲ့ ကောင်တွေကလည်း ဆံပင် နှစ်ခြမ်း အလယ်ကောင်မှာ ရထားနှစ်စီး ယှဉ်မောင်းလို့ ရမတတ် အလယ်ခွဲကြ တယ်။ ဦးခေါင်း နောက်ဖျားပိုင်းမှာ ဆံပင်အောက်ကို ရှိတ်အထူကြီး ထိုးကြ တယ်။ ရှိတ်ပါအောင် ညှပ်မပေးရင်ကို ဆံသဆရာမှာ ပြန်ပြီး ထိုးပေးရတယ်။ နဖူးမောက်မောက်ကြီးနဲ့ ကောင်တွေကလည်း အလယ်ခွဲထားကြတယ်။ ဆံပင် လေးတိုတိုနဲ့ ကောင်ကလည်း အပေါ်မှာ ရသလောက် အလယ်ခွဲကြတယ်။ အလယ်ခွဲ ပျက်မှာစိုးလို့ ဘေးတစ်ဖက်တစ်ချက်မှာ မိန်းကလေးတွေ သုံးတဲ့ ကလစ်တွေနဲ့တောင် ညှပ်ကြသေးတယ်။ အဲဒီတုန်းက ငါတို့ဆီမှာ ဂျယ်တွေ ဘာတွေ မပေါ်သေးဘူး။ ဇာလီတံဆိပ် ခေါင်းလိမ်းဆီက နာမည်အကြီးဆုံးပဲ။ ပခုက္ကူက ထုတ်တဲ့ ရမ်ဘိုဖိနပ်ဟာ ခေတ်အစားဆုံးပဲ။ Class7 တံဆိပ် အင်္ကျီနဲ့ ဘေးမှာ ဘေးထိုးပါတဲ့ ဘောင်းဘီနဲ့ အဖြူတစ်ခြမ်း၊ အနက်တစ်ခြမ်း စပ်ချုပ်တဲ့ ဂျင်းဘောင်းဘီဟာ ခေတ်အစားဆုံးပဲ။ ပွဲခင်းတွေရှေ့ ဂိုက်ပေးကြမ်းပြီ ဆိုရင် အပေါ်အင်္ကျီကို ချွတ်ပြီး ခါးမှာ စည်းကြတယ်။ အချို့ကောင်တွေက လက်ကိုင် ပဝါကို ဘောင်းဘီဘေးထိုး အိတ်ကပ်ထဲ ထည့်ပြီး တစ်ဝက်ကို အပြင်ထုတ်ထား ကြတယ်။ ခါးပတ် မပတ်နိုင်တဲ့ ကောင်တွေက ထန်းသမားတွေဆီက မြူအိုးကြိုး တောင်းပြီး ခါးမှာ စည်းကြတယ်။ မိန်းကလေးတွေကတော့ အင်္ကျီ တောက် တောက်ကြီးတွေ ဝတ်ကြတယ်။ ထဘီကို တစ်ဖက်ရှည်၊ တစ်ဖက်တို ဝတ်ကြ တယ်။ ဖိနပ်အမြင့်ကြီးတွေ စီးကြတယ်။ စိုးမြတ်နန္ဒာကေ ညှပ်ကြတယ်။ ဆံပင် ကုပ်ဝဲ ထားကြတယ်။ နှုတ်ခမ်းနီ စိုစိုရဲရဲကြီးတွေ ဆိုးကြတယ်။ ပခုက္ကူဘက် က ဇာတ်မင်းသားတွေ လာကပြီ ဆိုရင် ဇာတ်စင်နောက် သွားပြီး မင်းသားနဲ့

mgyobe.com

mgyoe.com

မိတ်ဆက်ကြတယ်။ ဗဒင်သီချင်းနဲ့ တွံတေးစိုးအောင် သီချင်းတွေကို အဆိုခိုင်းကြတယ်။ ဇာတ်ခုံရဲ့ ရှေ့ဆုံးမှာ ထိုင်ပြီး မင်းသားတွေ သီချင်းဆိုကြပြီ ဆိုရင် ချိုချဉ်တွေ လှမ်းပစ်ကြတယ်။ ရဲတင်းတဲ့ ကောင်မလေးတွေက ရှေ့ထွက်ပြီး အိမ်ကလုပ်လာပုံ ရတဲ့ ပန်းကုံးတွေ သွားစွပ်ကြတယ်။ မင်းသားဖြစ်သူက ပြုံးပန်းတဝေဝေနဲ့ သီချင်းဆိုနေရင် ခဲနဲ့ထုမှ လူစွမ်းကောင်း ပီသတယ် ထင်တဲ့ ငါတို့လူငယ်တွေက ဇာတ်ခုံ ခပ်လှမ်းလှမ်းနားက သပွတ်တောထဲကို သွားပြီးတော့ ရွာက မိန်းကလေးတွေကို နှာဘူးချင်တဲ့ ကောင်တွေ ဆိုပြီး ခဲနဲ့ လှမ်းထုကြတယ်။ နောက်နေ့မနက်မှာ ရွာထဲက မိန်းကလေးတွေရဲ့ မင်းသား ခဲမှန်ခံရလို့ စိတ်ဆိုးနေတဲ့ စကားတွေကို ထန်းသီးစဉ်းရင်း ပြောနေတုန်း နားထောင်ပြီး ခိုးရယ်ကြ၊ နွားကျောင်းနေတုန်း ခိုးရယ်ကြ၊ ရေထမ်း အတူတူသွားလို့ ပြောမိတုန်း ခိုးရယ်ကြ၊ မန်းကျည်းရွက် အတူတူ အခူးထွက်တုန်း ခိုးရယ်ကြနဲ့ ငါတို့ဟာ ကာကွယ်နိုင်သူတွေအဖြစ် နားထင်သွေးရောက် ဖြစ်ခဲ့ကြတယ်။

အခုလို Facebook မပေါ်ခင်တုန်းက ငါတို့လူငယ်တွေဟာ ပိုက်ဆံကို ဘယ်လို သုံးရမှန်း မသိဘူး။ အိမ်ကနေ မုန့်ဖိုး ပဲဖိုးကလေး ပေးလိုက်ရင်လည်း ကျောက်ဖူလုံးတမ်း သတ်တာတို့၊ ဂေါ်လီလုံးလှိမ့်တာတို့၊ ခေါင်းပန်းလှန်တာတို့နဲ့ ဖြောက်လိပ် ဝယ်ဖောက်ဖို့လောက်ပဲ သိခဲ့ကြတယ်။ မခင်ကြည် ဈေးဆိုင်က ပလတ်စတစ်ထုပ်လေးနဲ့ ထုပ်ရောင်းတဲ့ ထန်းလျက်ရည်တွေကို ဝယ်သောက်ဖို့နဲ့၊ အရှေ့ဘက်ရွာ သမဆိုင်ထဲက မြင်းလှည်းတံဆိပ် ဆီးတော်ဖီတွေ ဝယ်စားဖို့နဲ့ ရမ်ဘိုအရုပ် ပါတဲ့ နဂါးနိုင် ဆီးပြားထုပ်တွေပဲ ဝယ်စားဖို့ သိခဲ့ကြတယ်။ အိမ်က မုန့်ဖိုးမပေးတဲ့ နေ့တွေ ဆိုရင် ရွာစကားဝှက် အောက်ပိုင်းလုပ်ငန်း လုပ်ကြတယ်။ ပဲနောက်ခင်းထဲ သွား၊ ပဲနောက်သီးတွေ ခိုးဆွတ်ကြတယ်။ ပဲစဉ်းငုံစေ့တွေ ခိုးဆွတ်ကြတယ်။ မန်ကျည်းသီးတွေ ခိုးဆွတ်ကြတယ်။ မန်ကျည်းသီးတွေ အခွံခွာပြီး ဆိုင်သွားရောင်းမယ် ဆိုရင် အလေးချိန် ပြည့်အောင် သေးပန်းပြီး သွားရောင်းခဲ့ကြဖူးတယ်။ ပဲစင်းငုံစေ့တွေ ရောင်းပြီ ဆိုလည်း နို့ဆီဘူး တစ်ဘူး ပြည့်အောင် ဘူးခွံဖင်ဝကို အောက်ကနေ ဖောင်းအောင် ဆောင့်ပြီးမှ သွားရောင်းခဲ့ဖူးတယ်။ သမဆိုင်က မြေဖြူဘူးတွေကို ခိုးဖူးခဲ့တယ်။ ကျောင်းအုပ် ကြီးရုံးခန်းထဲက သိမ်းထားတဲ့ ဂျင်တွေကို ပြန်ခိုးပြီး အတန်းဖော်တွေကို လျှော့ဈေး နဲ့ ပြန်ရောင်းခဲ့ကြတယ်။ ရွာမှာ ကန်စရာ ဘောလုံး မရှိလို့ သူများရွာက ကန်နေတုန်း အပြင်ထွက်လာတဲ့ ဘောလုံးကို ပုဆိုးနဲ့ ဖုံးထိုင်ပြီး ခိုးလာခဲ့ဖူးတယ်။။

mgyoe.com

mgyoe.com SAMPLE BOOK

အခုလို Facebook မပေါ်ခင်တုန်းက ဒိန်းတလိန်းကား ကြည့်ချင်ရင် တပို့တွဲပွဲလကို စောင့်ရတယ်။ အစ်ကိုတစ်ဝမ်းကွဲရဲ့ တစ်ခါကြည့် တစ်ကျပ်နဲ့ ကိုယ်လုံးတီး ကောင်မလေးအပေါ်က ဖုံးထားတဲ့ အမည်းရောင်လေးကို မီးခြစ်နဲ့ ရှို့လိုက်ရင် ပေါ်လာတဲ့ ဓာတ်ပုံလေးကို အံ့သြတကြီး ကြည့်ခဲ့ကြရတယ်။ မန္တလေးကားပေါ် စပယ်ယာလိုက်တဲ့ ဘော်ဒါဆီက အပြာစာအုပ်တွေကို ပြန်ဝယ်ပြီး ဖတ်ခဲ့ကြရတယ်။ နိုင်ငံတော် ဆိုတာ ဘာလဲ ဆိုတာလည်း မသိခဲ့ဘူး။ ရဲဆိုတာလည်း ပြက္ခဒိန်တွေ ရောင်းတတ်သူ၊ သစ်ကားတွေလာရင် ပိုက်ဆံ လိုက်တောင်းသူ၊ တပို့တွဲပွဲမှာ ဆိုရင် ကနေတဲ့ သူတွေကို လိုက်ရိုက်သူ၊ ဗီဒီယိုရုံက ပြသနေတဲ့ ဇာတ်ကားတွေကို ပိုက်ဆံမပေးဘဲ ထိုင်ကြည့်သူထက်သာ ပိုမသိခဲ့ပါဘူး။ အာဏာရှင်ခေတ် ဆိုတာလည်း မသိခဲ့ပါဘူး။ အင်တာနက် ဆိုတာလည်း ကျော်ဟိန်းရဲ့ 'တံခါးမှူး' ဇာတ်ကားထဲက သားဖြစ်သူ ပိုင်းရဲ့ အင်တာနက်ကြီး ကျကွဲသွားလို့ ပိုက်ဆံ လှမ်းလွှဲပေးပါ ဖေဖေလို့ လိမ်ပြောမှာမှန်း သိပေမယ့် ငါတို့ လူငယ်တွေလည်း ကျော်ဟိန်းလိုပဲ အင်တာနက် ဆိုတာ ကျကွဲတဲ့ အရာထက် ပိုပြီး ဘာမှ မသိခဲ့ပါဘူး။ ဂျပန်တွေက အသစ်ဆောက်ပေးမယ် ဆိုပြီး ကျောင်းအမိုးတွေ ခွာလိမ်သွားတဲ့ ကျောင်းအိုကလေးမှာ နေခဲ့ရတယ်။ ရေသောက်ချင်ရင် စက်ရေတွင်းက တစ်စက်ချင်း ကျနေတဲ့ ရေဘဲလ်အောက်မှာ ပါးစပ်ဟ သောက်ခဲ့ရတယ်။ ပိုက်ဆံကလေးရှိရင် ဗီဒီယိုကြည့်တယ်။ မပြေ့ ဆိုင်က မုန့်လက်ဆောင်းတွေ အဝသောက်တယ်။ နွားကျောင်းတယ်။ အုပ်စုလိုက် ဖဲရိုက်ကြတယ်။ အုပ်စုလိုက် ဒိန်းတလိန်း ဇာတ်ကား ပြဖို့ ပိုင်ရှင်ကို ကန်ထရိုက် ဆွဲကြတယ်။

အခုလို Facebook မပေါ်ခင် ကာလတုန်းကပေါ့....

အခုလို Facebook မပေါ်ခင် ကာလတုန်းကပေါ့....

mgyoe.com

mgyoe.com SAMPLE BOOK

## ဆည်းဆာပျော်ချိန်

စာအနုအရွတွေ ဖတ်မှ၊ ရုပ်ရှင်တွေ ဘာတွေ ကြည့်မှ လွမ်းတတ် ဆွေးတတ်တဲ့ စိတ်ဖီလင်ကို ခံစားတတ်တာ ဆိုတဲ့ စကားကို ကိုယ်တော့ဖြင့် သိပ်ကြီး မထောက်ခံလှဘူး။ တိမ်တွေ ပြေးလွှားနေမှုရဲ့ အရောင်ပြောင်းမှု အလိုက် လူတွေရဲ့ စိတ်ခံစားချက်တွေဟာ ပြောင်းလဲသွားစေနိုင်ပါတယ်။

အမေက ကိုယ် ပခုက္ကူမှာ နေချင်တယ် ဆိုလို့ ခဏနေခဲ့ ဆိုပြီး ထားခဲ့တုန်းက ဆယ့်နှစ်နှစ်သားလောက် ဆိုတာ မှတ်မိနေတယ်။ အမေ ရှိနေတုန်းကတော့ ပခုက္ကူက အဒေါ်ကြီးအိမ်မှာ နေရတာ ပျော်စရာ။ တီဗွီလည်း ကြည့်ရ။ ကြီးတော်ကြီးကလည်း ဖွယ်ဖွယ်ရာရာတွေ ချကျွေး ဆိုတော့ ရွာကို မပြန်ချင်လှဘူး။ ဒါနဲ့ အရဲစွန့်ပြီး အမေ့ကို ခဏ နေချင်တယ်၊ ရွာပြန် မလိုက်သေးဘူးလို့ ပြောမိတော့ ကြီးတော်ကြီးကလည်း နေခဲ့လို့ ခွင့်ပြုပါတယ်။

နေ့လယ်ခင်းလောက်လည်း ရောက်တော့ ရွာကိုပြန်တော့မယ့် ကုန်တင်ကားကြီးက ကြီးတော်ကြီးတို့ အိမ်ရှေ့ကို ပေါက်လာပြီ။ အမေက ခရီးသည်တွေကြား တိုးတက်ပြီး လိုက်သွားတော့ စိတ်ထဲ ရုတ်ခြည်း ဟာတာတာ ဖြစ်သွားရတယ်။ အမေနဲ့ ပထမဆုံး ခွဲဖူးတာကြောင့်လည်း ဖြစ်မှာပေါ့။ ကြီးတော်ကြီးအိမ်ဟာ ချက်ချင်း တိတ်ဆိတ်သွားတယ် ဆိုတာကို သတိပြုမိသွားတယ်။ ကိုယ်ဟာ အိမ်ရှေ့က တန်းလျားကလေးပေါ် ထိုင်လိုက်၊ တီဗွီရှိတဲ့ မမတို့အိမ်ပဲ သွားရ

mgyoe.com

mgyoe.com SAMPLE BOOK

မလား စဉ်းစားလိုက်နဲ့ ခုလို ညနေဆို ရွာမှာ ဘော်ဒါတွေနဲ့ အပျိုကြီး မဝင်းရီ အိမ်ဝိုင်းထဲ ဂျင်ပေါက်တမ်း ကစားတာကို သတိရနေတော့တယ်။ ခုလောက်ဆို အဲက မန်ကျည်းပင်တွေ အရိပ်ထိုး စီးမိုးထားတဲ့ တလင်းပြင်ထဲမှာ ဂေါ်လီ လိုမ့်တဲ့ ကောင်က လိုမ့်၊ ဂျင်ပေါက်တဲ့ ကောင်က ပေါက်နဲ့ ဆူညံနေကြတော့မှာ။ ဒါပေမဲ့လည်း မြို့မှာ နေတာ ဆိုတော့ ကိုယ်များ ရွာပြန်ရင် မြို့ထဲမှာ ဘာတွေ ရှိတာ၊ ဆိုင်ကယ်တွေ ပေါတာ စလို့ ဒီကောင်တွေကို ပြန်ကြွားလို့ ရတယ်။ သတိမရသင့်ဘူးလို့ ကလေးတွေး တွေးပြီး နှစ်သိမ့်ခဲ့တယ်။

ညနေရီရီရဲ့ နေရောင်ခြည်တွေ ပြိုဆင်းမှုက အလျှင်စလို နိုင်လွန်းလှတယ်။ ကြီးတော်ကြီးအိမ် အနောက်ဘက် ကပ်လျက်က ဒေါ်ငွေယုံတို့ အိမ်ရှေ့မှာ ရှိတဲ့ ပိတောက်ပင်ကြားထဲကို ခဏချင်း ခုန်ဆင်း ဝင်ရောက်သွားတော့တယ်။ မြို့ပြဟာ ထူထပ်တဲ့ အိမ်ရာတွေနဲ့ ဖွဲ့စည်းနေတာ ဆိုတော့ အမှောင်တိုးဝှေ့မှုက သိပ်ကို မြန်ဆန်လွန်းလှတယ်။ အိမ်ရှေ့လမ်းကလေးကနေ ခပ်ကွက်ကွက် မြင်ရတဲ့ ကောင်းကင်ကို မော့ကြည့်တော့ မည်းနက်နေတဲ့ တိမ်သလ္လာတွေနဲ့ ထူပိန်း ပြည့်နှက်နေတာကို မြင်လိုက်ရတယ်။ ကြီးတော်ကြီးရဲ့ အိမ်အတွင်းပိုင်းဟာလည်း ညနေ အမှောင်ရိပ်ကြားမှာ တိုးဝင် ငြိမ်သက်နေပြီ။ လူဟာ ဘာမှန်းမသိ ဝမ်းနည်းစိတ်တွေ ဝင်လာတယ်။ ကြီးတော်ကြီး အိမ်က အစ်ကိုတွေကလည်း ဘယ်သွားကြတယ် မသိဘူး။ အိမ်ထဲမှာ ကိုယ်ရယ်၊ ကြီးတော်ကြီးရယ်ပဲ ရှိနေတာ။

ကြီးတော်...။ ကြီးတော် ဘယ်မှာလဲ မသိ။ အိမ်ထဲကို ပြန်ဝင်တော့ ကြီးတော်ကြီးကို မမြင်ရ။ ဒေါ်ကြီးရေ.... ဒေါ်ကြီးလို့ အော်ခေါ်တော့မှ မီးဖိုချောင်ထဲက ဒေါ်ကြီးရဲ့ ပြန်ထူးသံကို ကြားရတယ်။ လင်းကျင်းမယ် ထင်တဲ့ မြို့ပြ ညခင်းဟာ ဘာလို့ မှောင်မည်းနေတာလဲ။ ကြီးတော်ကြီးက မီးမလာဘူး မီးပျက်နေတယ် တဲ့။ ကိုယ်ဟာ မီးဖိုချောင် အနောက်ဘက်က ဝါးထရံ ကာထားတဲ့ ခြံစည်းရိုးကိုပဲ ကြည့်နေမိတော့တယ်။ အဲဒီစည်းရိုးထိပ်ပေါ်မှာ မပျောက်ကွယ်သေးချိန် ခဏငယ်မှာ ကပ်တွယ်နေသလို ဖြစ်နေတဲ့ လိမ္မော်ရောင် ဝင်းနေတဲ့ နေရောင်သေးသေးမျှင်မျှင်ကလေးတွေကို တွေ့ရသေးတယ်။

မီးဖိုချောင်ထဲမှာ ညစာအတွက် ဖယောင်းတိုင်မီးနဲ့ ချက်ပြုတ်နေတဲ့ ကြီးတော်ကြီးကို ကျောပေးပြီး အမှောင်ထဲမှာပဲ ရပ်နေမိခဲ့ပါတယ်။ စိတ်တွေဟာ အမြန်ဆုံး အလျှင်နဲ့ ရွာက ကိုယ့်အိမ်ကလေးဆီကိုပေါ့။ ကိုယ်တို့ရွာရဲ့ ညနေ

mgyoe.com

ဆည်းဆာဟာ မြို့ပြဆည်းဆာလို ပျောက်ကွယ်မှု မလျင်မြန်ဘူး။ ရွာအိမ်ရှေ့ ကနေ လှမ်းကြည့်ရင် တိမ်ခိုး တိမ်မျှင်တွေကြားမှာ ပုစွန်ဆီသွေးရောင် ပျို့အန်နေတဲ့ တိမ်တောက်ချိန်ဟာ အတော်ကို ကြာမြင့်ပြီး သိပ်ကို လှပတဲ့ အခိုက်အတန့် ကလေးပေါ့။ တိမ်ရောင်ရဲ့ အလင်းပြန်မှုက အိမ်ရဲ့ ခေါင်မိုးတွေ၊ မန်ကျည်းပင် ပင်စည်တွေ၊ မြင်ရသမျှ ကောင်းကင်ဘက်ခြမ်း တစ်ခုလုံးကို တောက်ပ စိုရဲသွား စေတယ်။ ကိုယ်တို့ မျက်နှာတွေမှာလည်း အလင်းနီနီတွေ ဟပ်လို့။ ငေးကြည့် ဖြစ်ခဲ့တဲ့ ဆည်းဆာ။ ဒီအလင်းရောင်တွေ သိမ်းရုပ်သွားပြီ ဆိုရင် မေမေရဲ့ ထမင်းစား အော်ခေါ်သံကို ကြားရတော့တယ်။ ညရောက်ရင် အမေ ပေးလိုက်တဲ့ တစ်ဆယ်ကျပ်တန်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရွာလယ်ကို ပြေးရ တော့မယ်။ အဲဒီမှာ လူစုံပြီ ဆိုမှ တောင်ဘက်ရွာက ဗီဒီယိုရုံကို ချီတက်ကြမှာ။

ခု ကိုယ်ရောက်နေတဲ့ မြို့ပြ ညနေခင်းကတော့ ညို့နေတဲ့ တိမ်တွေနဲ့ ချောက်ချား တိတ်ဆိတ်ဖွယ် ကောင်းလွန်းလိုက်တာ။ မေမေရဲ့ နနွင်းရောင် လေးဟပ်နေတဲ့ အာလူးသီးကြော် ပူပူကလေးကိုလည်း ဒီမှာ မမြင်ရဘူး။ ရေနံ ဆီမီးခွက်ရဲ့ အရောင်အောက်မှာ အိမ်က မိသားစုတွေ ဝိုင်းဖွဲ့စားရသလိုမျိုး လည်း ခု မရှိဘူး။ မီးပျက်နေတဲ့ ခုညနေဟာ သိပ်မှောင်တာပဲ။ ကိုယ်ဟာ ကလေး စိတ် မပျောက်သေးတဲ့ လူပျော့လေး။ မေမေ့ရင်ခွင်ထဲမှာပဲ ကလေးပေါက်စန လေးလို နေလာတဲ့ ကောင်ကလေး ဆိုတော့ အမှောင်ရိပ်ထဲမှာ မျက်ရည်တွေ ယိုစီးကျလာတယ်။ အသံထွက်ပြီးလည်း မငိုရဲဘူး။ နောက်နေ့ ရွာက ကုန်တင် ကားတွေ မြန်မြန်လာပါစေ လို့ပဲ ဆုတောင်းနေမိတော့တယ်။

ခုညနေခင်း အလုပ်က ပြန်လာတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ လင်းအာ နေတဲ့ ကောင်းကင်ပြာ အနောက်ဘက်ခြမ်းမှာ တိမ်မည်းညိုတွေ အုံ့ဖွဲ့နေတာ ကို မြင်လိုက်ရတယ်။ ဝေ့ခနဲ တိုက်လာတဲ့ မိုးသက်လေညင်းမှာ မိုးငွေ့တွေ ပါလာ တော့ အလုပ်သမားတွေဟာ မိုးရွာတော့မယ် အထင်နဲ့ စက်ဘီးတွေကို ခပ်သွက် သွက် စီးနေကြတယ်။ ကိုယ်ကတော့ မိုးစိုမှာကို ဂရုလည်း မပြုမိဘူး။ မိုးသား တွေ ညို့နေတဲ့ ကောင်းကင်နေရာကိုပဲ ငေးရီရင်း စက်ဘီးကို ဖြည်းညင်းစွာ နင်းနေခဲ့တယ်။

အတွေးထဲမှာ ခုလိုပဲ တောင်ဘက်အရပ်က မိုးသားတွေ တက်လာတဲ့ ညနေခင်း။ နွားကျောင်းဖော် ဖြိုးဝေတို့နဲ့ အတူ ယာခင်းစပ်က နွားအုပ်ကြီးကို

mgoe.com

mgyoe.com SAMPLE BOOK

ယာခင်းထဲ မဝင်အောင် အပြေးအလွှား သွားခြောက်လှန့်နေတုန်း မိုးသားမျှင်တွေ ဖွေးဖွေးလှုပ် ကျလာတာကို သတိရသွားတယ်။ ကိုယ်တို့ နွားကျောင်းသားတွေဟာ မိုးရေထဲမှာ ပေါးခနဲ အော်ကြတယ်။ စိမ်းနေတဲ့ မြက်ခင်းပြင်ပေါ်ကို ပြေးလွှားကြတယ်။ ထူထပ် သိပ်သည်းစွာ ကျဆင်းလာတဲ့ မိုးဖွဲတွေအကြား နွားတွေကလည်း သူတို့ တတ်မြောက်တဲ့ ဘာသာစကားတွေနဲ့ အော်မြည်လို့။ နဖားမှာ တပ်ထားတဲ့ ချူုဂလုံသံတွေကလည်း ဆူညံလို့ပေါ့။ ကိုယ်တို့ဟာလည်း နွားအုပ်ကြီးအကြား ပြေးလွှားနေကြတာပေါ့။ မိုးသားအိအိတွေဟာ ကိုယ်တို့ အထက်မှာ ရပ်တန့်ပြီး သူ့ရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို စွန့်ချနေပေမယ့် အနောက်ဘက် ကောင်းကင် အနားသတ်မှာတော့ နေရောင်ရဲရဲဟာ လင်းပွင့်လာတယ်။ အို… မိုးစက်လေးတွေ သီဥနေတဲ့ မြက်ဖျားကလေးတွေကို မြင်ရတိုင်း၊ အဲဒီ မြက်ပင်ကလေးတွေကို ခြေနဲ့ လှမ်းခတ်လိုက်တိုင်း မိုးဖွားတွေဟာ တောက်ပနေတဲ့နေရောင်ခြည်တန်းအကြား လွင့်ပါးသွားပုံကို ကြည့်ရတာ ပျော်ဖို့သိပ်ကောင်းတာပေါ့။

ခုညနေခင်း မိုးသားတွေကတော့ မိုးခြိမ်းသံ အနည်းငယ် ပေးပြီး အုံ့ဆိုင်းလာတာနဲ့ မိုးစက်မွှားကလေးတွေ စဉ်းငယ်မျှ ဖျန်းပက် ကလူတာက လွဲလို့ ကိုယ်တို့ ငယ်ဘဝ ညနေခင်း မိုးတွေလို ရွာချတော့မယ့် ပုံစံမျိုးတော့ ဖြစ်မလာသေးပါဘူး။ တိမ်ဆိုင်း ကောင်းကင်အောက်မှာ ရာချီတဲ့ စက်ရုံက အလုပ်သမားတွေဟာ မိုးနံ့ရလို့ ပျာပျာသလဲ ဖြစ်နေတဲ့ ပုရွက်ဆိတ်တွေလိုမျိုး ပြေးလွှားစီးနင်းနေတာပဲ တွေ့ရတယ်။ ကိုယ့်မှာတော့ ခန္ဓာကိုယ်ကသာ စက်ဘီးကို စီးနင်းလှုပ်ရှားပေးနေတာ။

စိတ်တွေကတော့ မိုးဖွဲတွေ ကျနေတဲ့ အတိတ်ညနေခင်းလေး တစ်ခုထဲမှာ….

mgyoe.com SAMPLE BOOK

## သကြၤန်တစ္ဆေ

ဒီမှာ ပိုက်ဆံတတ်နိုင်သူတွေက ဆောင်းဘောက်စ် အကောင်းစားကြီးတွေ၊ အမ်ပီဖိုင်ယာ အကောင်းစားကြီးတွေနဲ့ သီချင်းတွေ ဖွင့်တာ မြင်ရတော့ အားငယ်စရာကောင်းခဲ့တဲ့ ရွာသင်္ကြန် ငယ်ဘဝတွေပဲ သတိရမိပြန်ရော။

၂၀၀၄/၂၀၀၅ သင်္ကြန် ညဦးတွေဟာ ယိမ်းသမလေးတွေရဲ့ က,သံ ခုန်သံ၊ မီးရောင်ထိန်ထိန်ညီးညီး၊ ဒိုးသံ၊ အိုးစည်သံ ဝေးစွ၊ မှောင်ပြီ ဆိုတာနဲ့ ရေနံဆီမီးခွက်ရောင်တွေနဲ့ ရွာကလေးဟာ တိတ်ဆိတ်သွားပြီ။ သင်္ကြန်မဏ္ဍပ် ခနော်ခနဲ့လေးထဲမှာတော့ ၈ ဗို့ သာသာပဲ ထွက်မယ့် ဘက်ထရီအိုးနဲ့ တွဲထားတဲ့ မာကျူရီမီးသီး အရောင်လေးပဲ ရှိတယ်။ နွေဦး လေပူတွေ နေ့လိုက်တိုင်း မိုးထားတဲ့ ဝါးတန်းပေါ်မှာ ချိတ်ဆွဲထားတဲ့ မီးလုံးကလေးက ဟိုယမ်းလိုက် ဒီယမ်းလိုက်နဲ့။

ဆန်းစ လရောင်ဟာ တိမ်မည်းညို ကွက်ကျားထဲကနေ စဉ်းငယ်မျှပျို့အန်ကျနေတာမို့ မဏ္ဍပ်ရှေ့ မြေပြင်က ရေဗွက်အိုင်ကလေးတွေမှာ လရောင်တွေ ယိုဖိတ်လို့ပေါ့။ မဏ္ဍပ်ထဲမှာ ဖွင့်စရာ ဆောင်းဘောက်စ်လည်း မရှိဘူး။ နေရှင်နယ် အသံချဲ့စက်နဲ့ အော်လန်နှစ်လုံး တွဲထားတာပဲ ရှိတယ်။ ဘာသီချင်းခွေမှလည်း ဖွင့်ဖို့ အဆင်မပြေတော့။

ရွာစွန်က မဏ္ဍပ်မြင်ကွင်းဟာ မီးရောင်ယဲ့ယဲ့ကြား ခြောက်ကပ် တိတ်ဆိတ်နေတယ်။ မဏ္ဍပ်ထဲမှာ လူ လေးငါးယောက်ထက် ပိုမရှိ။ လူငယ်တွေဟာ

mgyoe.com

m g y o e . c o m
SAMPLE BOOK


ချောက်ခြားဖွယ်ရာ၊ ပျင်းရိဖွယ်ရာများတဲ့ ရွာကို စွန့်သွားကြပြီ။ ဒီလိုညတွေထဲမှာ နီယွန်မီးရောင်တွေ လင်းလက်နေမယ့် တစ်နေရာရာမှာ သူတို့တွေ ရှိနေကြလိမ့်မယ်။ ရွာအစွန်က မဏ္ဍပ်ကို ဘယ်သူမှ ရောက်မလာကြတော့ဘူး။ မဏ္ဍပ်အတွင်းက အမှောင်ရိပ်ထဲမှာတော့ ရွာထဲမှာပဲ သရေဖင်ထိုင် နေနေကြတဲ့ သက်လတ်ပိုင်း လူတွေလောက်ပဲ ခဏ လာထိုင်နေကြတယ်။

အမှောင်ရင့်လာလေ လူတွေဟာ နည်းပါးသွားလေပဲ။ ခုလိုညမျိုးမှာ စည်ကားတဲ့ အခြားသော ရပ်ရွာ ဒေသတွေမှာတော့ လျှပ်စစ်မီးရောင်တွေ တထိန်ထိန်နဲ့ ယိမ်းကပွဲတွေ၊ သံချပ်ပြိုင်ပွဲတွေ ရှိချင် ရှိမှာပေါ့။ မဏ္ဍပ်တွေထဲမှာလည်း မုန့်လုံးရေပေါ် လုပ်တဲ့ သူနဲ့၊ မနက်ခင်း စတုဒိသာတစ်ခုခု ကျွေးဖို့ ပြင်ဆင်နေကြတာနဲ့ ဆူညံ စည်ကားနေလိမ့်မယ်။ လူငယ် လူရွယ်ပေါင်းစုံဟာလည်း ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ပြီး စည်ကားတဲ့ မဏ္ဍပ်တွေရှေ့မှာ စတိတ်စင်တွေရှေ့မှာ လမ်းသလားနေကြမှာပေါ့။ ဒီရွာကလေးရဲ့ သင်္ကြန်အခါသမယဆိုတာကတော့ အခြားနယ်ပယ်က တစ်ယောက်တလေများ ခုလိုအချိန်အခါမှာ ရောက်လာရင် သင်္ကြန်ပွဲသင်္ကေတနဲ့ ပတ်သက်တာ တစ်ခုခုကို ပြဆိုဖို့တောင် ခဲယဉ်းလှတဲ့ အနေအထားမျိုး ဖြစ်နေတယ်။ ရေရှားပါးတဲ့ ရွာကလေးဖြစ်လို့ နေ့လယ်နေ့ခင်းမှာ ကလေးတွေ ရေကစားရင်းတောင် ရေကို လုံလောက်အောင် မပေးစွမ်းနိုင်ဘူး။ အကန့်အသတ်နဲ့ပဲ ကလေးတွေမှာ ရေကစားရတယ်။ ရေငန်တွေချည်းပဲ ထွက်တဲ့ ရွာပိုင် စက်ရေတွင်း ဆိုတာကလည်း အလှူရှင် မရှိရင် တစ်နေ့ကို တစ်ကြိမ်ထက် ပိုမမောင်းနိုင်ဘူးလေ။ တစ်ခါမောင်းထားလို့ ရှိနေတဲ့ ရေနဲ့ပဲ ရွာကလေးထဲက အိမ်တွေက သယ်ဆောင် ယူငင်လို့ပြီးမှ ကျန်တဲ့ ရေလက်ကျန်လေးတွေကို ကလေးတွေမှာ ခွက်ကလေးတွေနဲ့ ယူခပ်ပြီး သင်္ကြန်ပွဲတော်ကို ဆင်ယင်ကျင်းပကြရတာ။ ဒီတော့ မဏ္ဍပ်ကလေးရှေ့မှာ ဖုန်သိပ်ရုံလောက် တင်ကျန်နေတဲ့ ရေအိုင်ကလေးနဲ့ ဝပ်နေတဲ့ ခွေး နှစ်ကောင်၊ သုံးကောင်ပဲ ရှိနေတယ်။ မဏ္ဍပ်ရှေ့က လမ်းကလေးပေါ်မှာ ဘယ်သူမှ ဖြတ်သန်းသွားလာတာ မရှိတော့။ မဏ္ဍပ်ထဲကနေ အနောက်ဘက်ကို လှမ်းကြည့်ရင် ကြယ်ရောင်နဲ့ လရောင် ပိုးတဝါးအောက်မှာ မသဲမကွဲ မြင်ရနိုင်တဲ့ မန်ကျည်းပင်တန်းကြီးနဲ့ ဖျောက်ဆိပ်ပင်ကြီးကို မြင်ရတယ်။ တောင်လေတွေ မြူးလာတိုင်း အဲဒီ တောတန်းထဲက ရွက်ကြွေသံ၊ လေတိုးသံ၊ ညဇီးကွက်တွေရဲ့ ထအော်သံတွေဟာ ချောက်ချား

m g y o e . c o m

mgyoe.com
SAMPLE BOOK


စရာ ကောင်းလှတယ်။ အထူးသဖြင့် ငှက်စုန်းတွေရဲ့ အော်သံတွေက ခါနွေဦးရဲ့ ညရိုရိုထဲမှာ စူးခနဲပဲ။ နွေဦးညထဲမှာတောင် ချက်ချင်း ကျောချမ်းသွားစေတဲ့ အော်သံတွေ မန်ကျည်းတော တစ်ဝိုက်မှာ ရှိတယ်လို့ ရွာခံလူကြီးတွေ ပြောလေ့ရှိတဲ့ မကောင်းဆိုးဝါးတွေ ဝိညာဉ်တစ္ဆေတွေဟာ သင်္ကြန်ကာလ ကျွတ်လို့ နှစ်ဆန်းတစ်ရက် အပထုတ်ချိန် မတိုင်ခင် ပျော်မြူးနေကြလေရော့သလား။

ခြောက်ကပ်နေတဲ့ ရွာကလေးက နှစ်ဆန်းတစ်ရက်ည ရောက်ချိန်ဆို ပိုလို့တောင် ကြောက်မက်ဖွယ် ကောင်းလှတယ်။ ရိုးရာသက်ဝင် ယုံကြည်မှုများအရ မကောင်းဆိုးဝါး ဖုတ်တစ္ဆေ၊ သရဲတွေဟာ ရွာစပ်တွေမှာ၊ အိမ်ကြိုအိမ်ကြားတွေမှာ ကပ်တွယ်နေတတ်ကြတယ်။ သူတို့တွေက ဘုန်းကံ နိမ့်ပါးတဲ့ ကျွဲ၊ နွားသတ္တဝါတွေနဲ့ ကလေးငယ်တွေကို ပူးကပ်ပြီး ဒုက္ခပေးတတ်ကြတယ်။ ဒါကြောင့် နှစ်ဆန်းတစ်ရက်နေ့ည ရောက်ရင် သူတို့တွေကို လွတ်ရာကျွတ်ရာ ထွက်ပြေးအောင် သံပုံးစုတ်တွေ၊ ဆန်ကောစုတ်တွေကို အသံမြည်အောင် ရိုက်ပုတ်ပြီး နှင်ထုတ်ပစ်ကြရတယ်။ အိမ်ရှေ့တွေမှာ စက္ကူစုတ်တွေကို မီးရှို့ပြီး နှင်ထုတ်ရတယ်။ ညနေခင်းမှာပဲ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ရွတ်ဖတ် သရဇ္ဈာယ်ထားတဲ့ ပရိတ်ရေ၊ ပရိတ်ကြိုး၊ သဲစာတွေကို အိမ်ပေါက်ဝတွေမှာ ပက်ဖျန်းတာ၊ စည်းတားတာတွေ လုပ်ပြီး မကောင်းဆိုးဝါးတွေ ကပ်တွယ်မနေနိုင်အောင် စီမံကြရတယ်။ ရွာထဲမှာ သံပုံးတွေ တီးပြီး မောင်းထုတ်ပြီးပြီ ဆိုရင် ရွာပြင်ဘက်က ကျွဲ၊ နွားသေလို့ မြှုပ်ထားတဲ့ နေရာတွေ၊ သုသာန်တစပြင်လို နေရာတွေ၊ ယာခင်းစပ်တွေနားကို သွားပြီး ထွက်ပာ၊ ပြေးပာ ဆိုပြီး သံပုံးတွေ တီးရတယ်။ မြက်ခြောက်ပင်တွေကို မီးနဲ့ ရှို့ရတယ်။ ရွာထဲမှာ ရှိသေးတဲ့ သက်ကြီး ရွယ်အိုတွေကတော့ သူတို့ငယ်စဉ်ကများ ခုလို သင်္ကြန်တစ္ဆေ ထုတ်ချိန်ရောက်လို့ အပများ ထုတ်ပြီဆို ရွာမြောက်ဘက်က သရဲမန်ကျည်းပင်နားမှာ ကလေးတွေ ငိုသံကို ဆူနေအောင် ကြားရတာပေါ့ကွာလို့ ဖောက်သည်ပြန်ချတော့ ကျောတွေ ချမ်းခဲ့ရတာ။

ခုတော့ သင်္ကြန်ဦး ညကလေး ရောက်တုန်း ရှိသေး၊ အပထုတ်တဲ့ ရက်ရောက်ရင် ပြေးရတော့မှာကို သိနေကြလို့လား မသိ၊ မန်ကျည်းတန်းကြီးဆီက ကြားနေရတဲ့ လေတိုးသံတွေဟာ တစ္ဆေတွေ ကမ္ဘာမှာပါ သင်္ကြန်ကျနေရော့သလား မပြောတတ်တော့ဘူး။

mgyoe.com

mgyoe.com


ဘက်ထရီ ၈ ဗို့အားနဲ့ လင်းအာနေတဲ့ မီးသီးကလေးရဲ့ အလင်းဝါဝါက လည်း ဖြည်းဖြည်းချင်းကလေး မှိန်ဖျော့လာချိန်မှာ မဏ္ဍပ်ထဲ လာထိုင်နေကြ တဲ့ လူကြီးတွေနဲ့ ကလေးတွေလည်း ထပြန်ကုန်ကြပြီ။ မဏ္ဍပ်ထဲမှာ စက်ကိုင် တစ်ယောက်နဲ့၊ အခြား လူငယ် သုံးလေးယောက်လောက်နဲ့ မဏ္ဍပ်နဲ့ မလှမ်းမကမ်း မှာ နေထိုင်တဲ့ ကျောင်းဆရာလေးလောက်ပဲ ရှိနေရစ်တော့တာ။ ချဲ့ပုံး ကိုင်တဲ့ စက်ဆရာကလည်း ထန်းရည်ခါး အရှိန်ကလေးနဲ့ ရီဝေနေပြီ ထင်ပါရဲ့။ စက် လည်း မဖွင့်တော့ဘဲ တန်းလျားကလေးပေါ်မှာ ခွေခွေကလေး လှဲနေတယ်။

ကိုယ့်ရွာကလေးမှာကလည်း ဆရာလေးတို့ ရှိနေသေးတာကိုပဲ တော် တယ် ပြောရမှာ။ သူမို့လို့ လစာကလေး တစ်ပဲ ခြောက်ပြား ရတဲ့ အစိုးရလခစား အလုပ်ကလေးကို ဖက်တွယ်ပြီး ဒီရွာကလေးထဲမှာ ကုတ်ကတ်နေရှာတာ။ ရွာထဲ က လူငယ်တွေကတော့ အရွယ်ရောက်လာတာနဲ့ အမျှ ဘာအကျိုးစီးပွားမှ ဖြစ်ထွန်း တိုးတက်လာဖို့ မရှိတဲ့ ရွာကလေးကို ချန်ရစ်ခဲ့ကြပြီကိုး။ ကျောင်းဆရာ လေးတို့ မိသားစု ဆိုတာလည်း ဆရာကတော်ဖြစ်တဲ့သူ ကိုယ်တိုင်က အခြား ဝက်မွေး၊ ကြက်မွေး၊ အိမ်ဆိုင်ကလေးတည် စလို့ အပိုဝင်ငွေကလေးဝင် ပြီးရော အင်မတန်မှ ချွေတာ စုဆောင်းပြီးကို လုပ်နိုင် ကိုင်နိုင်လို့သာ ရပ်တည်လို့ ရနေ တာရယ်။ နို့မို့သာဆို ဆရာလေးလည်း ကျောင်းဆရာအလုပ်က စွန့်ပြီး တစ်နယ် တစ်ကျေးကို ထွက်ခွာသွားတာ ကြာလှရော့မယ်။ အခုတော့ ရွာမှာ သာရေး နာရေး ကလေး ရှိရင် ဆရာလေးတို့လို ဦးဆောင်သူလေးတွေ ရှိလို့ ဘုရားပွဲ၊ သင်္ကြန်ပွဲ ကလေးတွေ လုပ်လို့ ရနေတာမျိုးပေ့ါ။ ဆရာလေး ဆိုတာက တစ်ရွာလုံး ဆယ်နှစ် ရှိလို့ တစ်ကြိမ် ဆယ်တန်းအောင်သူ မပြောနဲ့၊ ဆယ်တန်းရောက်အောင် နေတဲ့ သူ ဆိုတာတောင် အင်မတန်ရှားတဲ့ ရွာကလေးမှာ သူပဲ ရှားရှားပါးပါး ပညာတတ် ဆိုတော့ ပြောရေး ဆိုရေးတို့၊ ယာရောင်း၊ မြေရောင်း ကိစ္စတို့၊ သာရေး နာရေး လူမှုရေးကိစ္စတွေမှာ တွက်ဖို့ ချက်ဖို့ ရေးဖို့ သားဖို့ ဆိုလည်း ဆရာလေးပဲ အားကိုး ရတာ။ ဆရာလေးက ပြင်ပစာပေတွေလည်း အင်မတန်မှ ဖတ်တယ်၊ ပြီးတော့ ခုလို ကျပ်တည်းတဲ့ ဘဝအခြေအနေမျိုးက လွတ်မြောက်ဖို့ အတွက်လည်း နည်းလမ်း ကောင်းတွေကို စာအုပ် စာပေတွေကနေ ရှာဖွေ ဖတ်ရှုရင်း လိုက်နာ ကျင့်ကြံနေ တာမျိုး ဖြစ်တယ်။

mgyoe.com

mgyoe.com

ဒီလိုနဲ့ သင်္ကြန်ကာလ ရောက်တော့လည်း မဏ္ဍပ်ထဲမှာ လူရှိအောင် လာနေပေး၊ ပြောရေး ဆိုရေးအတွက် ဆော်သြပေးတာ ဆိုလို့လည်း ဆရာလေး တို့ပဲ ရှိတာပေါ့။

မှောင်နေတဲ့ မဏ္ဍပ်ထဲမှာ ရွာက ကျောင်းဆရာလေးနဲ့ အခြားတစ်ယောက်၊ နှစ်ယောက်လောက်ပဲ ငုတ်ထုတ် ထိုင်နေကြတော့တယ်။ ဆရာဟာ စက်ဆရာ ကို လှဲနေရာက အထနိုင်းပြီး အသံချဲ့စက်ကို ပြန်အဖွင့်ခိုင်းတယ်။ ချဲ့စက်ရှေ့က မိုက်ခရိုဖုန်းကို လှမ်းတောင်းလိုက်တယ်။ ဖွင့်စရာ သီချင်း မရှိ၊ တရားလည်း မရှိမှ တော့ ငါကိုယ်တိုင် တရားဟောမယ်ကွာတဲ့။ ဆရာလေးလည်း ငှက်ခါးတောင် အရည်ကလေး မော့ရင်း ရီဝေဝေဖြစ်နေပြီ ထင်ပါရဲ့။

ချဲ့ပုံးရှေ့မှာပဲ ဖယောင်းတိုင် တစ်တိုင်ကို ထပ်ထွန်းတယ်။ ပြီးတော့ အသင့်ယူလာပုံ ရတဲ့ စာအုပ်ကို ချလိုက်တယ်။ စာအုပ်နာမည်က–

'ဘေဘီလုံမှာ အချမ်းသာဆုံး ပုဂ္ဂိုလ်' တဲ့။

ဒီနောက်မှာတော့ ဆရာလေးရဲ့ ဟောပြောသံဟာ ရွာကလေးထဲကို လွှမ်းသွားတော့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဟတ်ဖဲတစ်ချပ် တွေ့ရှိခြင်း

အဖြေ မပါသော ပုစ္ဆာများအကြောင်း ဆိုလျှင် လူတွေက ယင်းပုစ္ဆာကို တွက်ချက်ဖို့ စိတ်ပါတော့မည် မထင်ပေ။ ဇာတ်သိမ်း မပါသော ရုပ်ရှင်များကို လူတွေ မုန်းတီးတာကိုလည်း သဘောပေါက်ပါသည်။ ဒါပေမဲ့လည်း အတိတ်ဇာတ်ကြောင်း သက်သက်ပဲ စားမြုံ့ ပြန်သည့် ရုပ်ရှင်တွေလည်း ရှိစမြဲ မဟုတ်ပါလား။

ကျောင်းသားဘဝတုန်းက အဆောင်မှာ ဟောလီဝုဒ် ဖဲကစားနည်း ဆော့တာကို ပြန်သတိရသည်။ သည်ကစားနည်းကလည်း ဖဲချပ် တစ်ချပ်တလေမှ ကျန်နေတာမျိုး ဖြစ်၍ မရ။ တစ်ချပ် ကျန်နေခဲ့လျှင် ယင်းဖဲချပ် လာမှ ဒေါင်းမည့်သူအတွက်  အဲသည်ဖဲချပ် ကျန်နေ၊ ပျောက်နေပြီ ဆိုမှတော့ ဖဲရိုက်ရတာ အလကားဖြစ်ပြီပေါ့။ လူ့ဆန္ဒတွေ၊ အထူးသဖြင့် ကိုယ့်ရဲ့ စိတ်ဆန္ဒတွေ၊ ကစဉ့်ကလျားနိုင်မှုတွေ နောက်ကို ခန္ဓာကပါ လိုချင် တောင့်တာမိတာမျိုးကလည်း ဒုက္ခတစ်ခုပင်။ ဆိုပါစို့… ဆောင်းတွင်း နှင်းစက်လက်ကျနေသည့်ညမျိုးမှာ ပူလောင်သော နွေညတစ်ညကို သတိရတာဟာ စိတ်ရဲ့ ဆိုးဝါးသော ချင်ခြင်းတစ်ခုပင် မဟုတ်ပါလား။

ကျွန်တော်သည် ဇာတိအညာဒေသက တပို့တွဲလတိုင်း ကျင်းပလေ့ရှိသည့် ပွဲခင်းကြီးအတွင်းသို့ လျှောက်သွားခဲ့ပါသည်။ ပွဲခင်းကြီးအတွင်းမှ လွင့်တက်လာသော ဖုန်မှုန့်တွေ၊ အကြော်ဖိုတန်းများမှ မီးခိုးမြူတွေ၊ ဇာတ်စင်ဆီမှ ဆလိုက်မီး

mgyoe.com

mgyoe.com SAMPLE BOOK

အလင်းတန်းတွေ စသည့် အခြင်းအရာတွေကို ငေးမောမိခြင်း မရှိဘဲ လှည်းတန်းကြီးများကိုသာ ရှာဖွေမိလေသည်။ လှည်းတန်းကြီးကို မတွေ့ရတော့ချေ။ လှည်းတန်းကြီးအစား ကုန်တင်ကား တချို့တလေ ရပ်ထားသည်ကိုသာ တွေ့လိုက်ရသည်။

ခေတ်တွေ ပြောင်းသွားလေပြီ။ ကျွန်တော်တို့ ငယ်စဉ်ကမူ ခုလို ပွဲညမျိုးဆိုလျှင် ပွဲခင်းနံရံစပ် တစ်ခုလုံးတွင် လှည်းတန်းတွေ စီရရီနှင့်။ ဓာတ်စင်ဆီကို ခေါင်းမော့ထားပြီး လှည့်ဦး ကော့ထားသည်။ လှည်းပေါ်မှာ သက်ဆိုင်ရာ ပွဲလာကြည့်သူ ပရိသတ်များက ငိုးတိုးငုတ်တုတ်။ မည်မျှ ဝေးလံခေါင်ဖျားရာ ရွာတွေဆီကနေ နွားလှည်းများဖြင့် ခရီးနှင်လာကြလဲ မသိ။ သည်အရပ်မှာ ပွဲကြည့်ဖို့ဆိုတာကလည်း တစ်နှစ်မှ တစ်ခါပဲ ကြုံရတာ မဟုတ်လား။ ထို့ကြောင့်ပင် မည်မျှဝေးလံပါစေ၊ ပွဲသံကြားလျှင် မနေနိုင်တော့။ အချို့ကမူ မိရိုးဖလာ ယုံကြည်သက်ဝင်မှုအရ တစ်နှစ် လာပြီး နောက်တစ်နှစ် မလာဖြစ်လျှင် ရိုးရာ မယ်ညိုမယ်လှနတ် မကြိုက်နှစ်သက်ဟုသော ယုံကြည်မှုများနှင့် အရောက်လာကြသူများလည်း ရှိကြသည်။

မှတ်မှတ်ရရပင် အနောက်ဘက် ပွဲခင်းအစပ်က တစ်ခုသော နွားလှည်းကလေးပေါ်မှာ သူမကို တွေ့ရှိခဲ့ရတာ ဖြစ်သည်။ ကျွန်တော်သည် လူရင့်မာကြီးတစ်ယောက်လို ဟန်ပန်ဖြစ်အောင် ကွမ်းယာဆိုင်က နှပ်ဆေးရည် အပြည့်ပါသော ကွမ်းယာ တစ်ယာကို ယူဝါးခဲ့သည်။ စတင် ဝါးခါစက အရသာ တွေ့သယောင် ရှိသည်။ ပါးစပ်တစ်ခုလုံး ရဲပတောင်း ခတ်အောင် ဝါးစားရင်းနှင့် ပွဲခင်း အစပ်နားတွင် လမ်းသလားနေချိန်မှာပင် ခေါင်းတစ်ခုလုံး ရုတ်ခနဲ မူးဝေလာသည်။ ရှေ့က ဆောင်းဘောက်စ်သံများသည် အစာအိမ် အတွင်းသားတွေ ဆူပွက်သွားအောင်ထိ ဝင်ရောက် လှုပ်ခါသွားသလို ထင်လာပြီး ရင်ခေါင်းအစုံက ချက်ချင်း ပင် ဆောင့်တက်လာ၏။ ကျွန်တော် မတ်တတ်မရပ်နိုင်တော့။ အံကို တင်းတင်း ကြိတ်ပြီး ပွဲခင်းနှင့် လွတ်ရာ ယာခင်းပြင်ဆီ ပြေးရသည်။ တစ်ကိုယ်လုံး ယိမ်းထိုး နေတာမို့လက်အစုံက မြေပြင်ပေါ်ကိုထောက်ကန်ထားလိုက်ရသည်။ လေးဘက် ထောက် အနေအထားနှင့် ထိုးအန်ပစ်ရသည်။

သုံးခါလောက် ညှစ်အန်လိုက်မှ ခေါင်းတွေ မူးတာ ပြေသွားသည်။ ရင်ခေါင်းတစ်ခုလုံး အောင့်ပြီး ကျန်ရစ်ခဲ့သည်။ သည်ဝေဒနာအစုံနှင့် အနောက်

mgyoe.com

mgyee.com SAMPLE BOOK

ဘက် ပွဲခင်းစပ်က လှည်းတန်းကြီးတွေ အနားသို့ ဘယ်လို ရောက်သွားမှန်းပင် မသိ။ သစ်သားလှည်းဘီးကြီးထဲက သစ်သားရိုးများအား မှီတွယ်ပြီး ထိုင်နေရင်း ခေါင်းကို မော့လိုက်ချိန်မှာ သူမကို မြင်တွေ့လိုက်ရတာ ဖြစ်ပါသည်။ အဝါရောင် အနွေးထည်ကလေးကို ဝတ်ထားသည်။ ကျွန်တော် ကြည့်နေတာကို သတိပြု မိပုံ မပေါ်။ ပွဲခင်းဆီသို့သာ ငေးရီနေသည်။ ဓာတ်ခုံပေါ်က လူရွှင်တော်များ၏ ပြက်လုံးများကြောင့် ဖြစ်မည်။ ခုထက်ထိ စိတ်ထဲမှာ မှတ်မိနေတာက ပြုံးနေ သော နှုတ်ခမ်းပါးကလေး။

စတင် ဆုံမိလိုက်ကတည်းက နာကျင် မူးရီမှုတွေ၊ အောင့်သက်ခါးသီး မှုတွေနှင့် ဖြစ်တည်လာသည့် နှိမိတ်ပုံကို ကျွန်တော့်ဘာသာ အစွန်းရောက် လက်ခံ မှုများနှင့် နားလည်ဖို့ ကောင်းပါသည်။ သို့ဖြစ်စေကာမူ သည်အဆိပ်တွေက ချိုမြမှု အတိပဲ မဟုတ်ပါလား။ အဲသည်ညက တောက်ပစွာ သာနေသော လရောင် များသည် သူမ တစ်ယောက်တည်းအတွက်သာ ပြုံးဆင်းနေသည်ဟု မှတ်ထင်မိ ခဲ့သည်။ ပွဲခင်းထဲသို့လည်း မသွားဖြစ်တော့။ လှည်းကြို လှည်းကြားတွင် ကပ်တွယ် မတ်တတ်ရပ်ရင်း ငေးကြည့်နေခဲ့မိသည်။

ကျွန်တော်သည် လက်ရှိပွဲညတွင်လည်း ပွဲခင်းကြီးဘေးက လှည်းတန်း ကြီးကို စိတ်ကူးနှင့် ပုံဖော်မိနေခဲ့သည်။ ဝမ်းနည်းစရာ ကောင်းတာက ပွဲခင်းဘေး တွင် လှည်းတန်းကြီးလည်း ရှိမနေတော့ပါ။ လူတွေလည်း အရင်ကလောက် စည်ကား မနေတော့ပါ။ အညာပွဲခင်းသည် ကြက်ပျံမကျ စကားပုံနှင့် နှိုင်းနှိုင်း ခံခဲ့ရတာကနေ ခုအချိန်မှာတော့ ကြက်ပွဲသာသာ အနေအထားလောက်သာ ရှိတော့သည်။ ပွဲလာကြည့်သူ ပရိသတ်တွေမှာလည်း စတိတ်စင်ဆီပဲ ငေးမော ရမည့်အစား ဖုန်းစခရင်ပေါ်ကို ဖြတ်ပြေးလာပြီးမှ အရိပ်ထင်လာသော ပုံရိပ်တွေ ကိုသာ ငေးကြည့်နေကြသည်။ လူတိုင်းနီးပါးသည် ကင်မရာမန်း (ဝါ) ရိုက်ကူး ရေးသမားတွေ ဖြစ်နေကြသည်။ ပွဲခင်းပေါ်သို့ ဖြာကျနေသော ဆောင်းည လရောင် များ၊ နှင်းမှုန်များ၊ လရောင်မှုန်ရိုရီများ၊ မီးရောင်စုံများ ကြားက ကြည်သို့ သပ္ပာယ် ဖွယ်ရာ ထုထည်နှင့် ရွှေရောင်တောက်ပနေသော ရွှေဦးတောက် ဘုရားစေတီ၏ ကျက်သရေ စသည့် ပွဲတော်၏ ဆောင်းည အလှများကိုတော့ ကြည့်ရှု ခံစားဖို့ မေ့လျော့နေကြသည်။ ကျွန်တော် တစ်ယောက်လည်း ထိုနည်းတူစွာပင် သူရို့ ကဲ့သို့ ဖုန်းကြီး ထုတ်ပြီး ဓာတ်ပုံမရိုက်ဖြစ်တာသာ ရှိမည်။ ကျွန်တော်၏ အမြင်

mgyee.com

mgyoe.com SAMPLE BOOK

အာရုံ စေစားရာများသည်လည်း ပွဲကြည့်စင်ဆီကို ရှိမနေပါ။ သူကလေးကို ပြန်တွေ့လိုတွေ့ငြား လိုက်ရှာနေမိသည်။

အဆောင် ဖဲပိုင်းတုန်းက ဖဲတစ်ချပ်ပျောက်နှင့် ဖဲရိုက်နေရသော ဗီလင်လိုပင်။ သူမနှင့် ပတ်သက်လာလျှင် ဘယ်တုန်းက ပြီးပြည့်စုံသည့် ပျော်ရွှင်မှုမျိုး ရခဲ့လို့လဲ။ ချစ်ခြင်းမေတ္တာတရား၏ ဂုဏ်သတ္တိများသည် ကျွန်တော့်အတွက်တော့ နာကျင်မှု အရသာများသာ တနင့်တပိုး ရရှိခံစားခဲ့ရတာပဲ မဟုတ်ဘူးလား။ မိချောင်းတံဆိပ် မိန်းမစီး စက်ဘီးကလေး။ လက်ကိုင်အောက်က ပတ်ထားသော လက်ကိုင်ပုဝါလေး။ သော့ချိတ်ကလေးမှာ ကတ္တီပါသားနှင့် ပုံဖော်ထားသည့် စိတ်ကူးထဲက အချစ်အိမ်ကလေး။ ကျွန်တော့်၏ ရူးနှမ်းမှုများသည် မိမိအတွက်တော့ ပျော်စရာအတိဟု ထင်ခဲ့သည်။ ကျောင်းစာသင်ခန်းထဲမှာ အတူတူလာကျသည်။ ဖူးစာရေးနတ်၏ မှိုင်းမမှုများဟု နားထင် သွေးရောက်ခဲ့သည်။ ကျွန်တော့်မှာ နေ့ပေါင်းများစွာ ပျော်ရ။ ကျွန်တော့်က ခိုးကြည့်တာကို သိ၍ နှုတ်ခမ်းပါးကလေးကို ဒေါသဖြစ်ဟန် ကိုက်ပြီး အခြားတစ်ဖက်ဆီ မျက်နှာလွှဲသွားတာကို မြင်လည်း ပျော်ရ။ ကျွန်တော့်ကို မြင်လျှင် အခြားလမ်းမှ သွေဖည်ထွက်ခွာသွားတာကို မြင်လည်း ပျော်ရ။ ကျွန်တော့်ကို မမြင်ရလျှင် သူ့မှာ ပိုပျော်ရတယ် ကြားရလို့ အတန်းဖော်နှင့် နေရာချင်း လဲပြီး သူ မမြင်အောင် နေခဲ့ရသည်ကိုလည်း ပျော်ခဲ့ရ။ သူမ၏ ပုံတူရုပ်ပုံ ဆွဲလို့ ဆိုပြီး ဆီးဖြူသီးနှင့် ပစ်ပေါက်လို့ ခေါင်းအစုံ ဒေါက်ခနဲ နာကျင်ခဲ့တာတွေကိုလည်း ပျော်ခဲ့ရ။ သို့ဖြစ်စေကာမူ အခြားတစ်ယောက်ယောက်နှင့် လက်တွဲနေပြီဆိုသည့် သတင်းစကားကို ကြားရသည် အခါမှာတော့ ကျွန်တော် မပျော်ရွှင်နိုင်တော့ပါ။

ပွဲခင်းကြီးဆီကို တစ်နှစ်လျှင် တစ်ခါ မရောက်ရောက်အောင် ပြန်ဖြစ်ခဲ့ပါသည်။ရောက်သွားသည့် အခါတိုင်းလည်း လှည်းတန်းကြီးကိုပဲ ပြန်ပြောင်းပုံဖော်ခဲ့သည်။ ပြန်ပြောင်း စိတ်ကူးယဉ်ခဲ့သည်။ စိတ်ကူးထဲမှာ သူမက အဝါရောင်အနွေးထည်ကလေး၊ ခရမ်းရောင် စကတ်ကလေးကို ဝတ်ပြီး ကျွန်တော် ခေါ်ဆောင်ရာ နောက်ကို လိုက်ပါနေသည်။ အကြော်ဆိုင်ထဲမှာ ထိုင်ဖြစ်ခဲ့ကြသည်။ ကျွန်တော် ငှဲ့ပေးသော ရေနွေးကြမ်းပူပူကို မှုတ်သောက်နေခဲ့သည်။ ကျွန်တော် ဖဲ့ပေးသော အကြော်ကလေးများကို တမြုံ့မြုံ့ ဝါးစားနေခဲ့ပါသည်။ ဘုရားဝင်းအတွင်းက မယ်ညို မယ်လှ နတ်နန်းအရှေ့မှာ ပုဆစ်တုပ် ဝတ်ပြုရင်း နတ်နန်းရှေ့မှ ကျောက်

mgyoe.com

mgyoe.com SAMPLE BOOK

တုံးကြီးကို မ,ပြီး ပေါင်းရမယ်ဆို လေးပါစေ ဟု ဆုတောင်းခဲ့ကြသည်။ လေးမည် ထင်သော ကျောက်တုံးကြီးကိုပဲ ရွေးမ,ခဲ့ကြသည်။ သူမ၏ လက်ကလေးတွေကို ဆုပ်ကိုင်ခွင့်ရတော့ နွေးနေခဲ့မည် ဆိုတာကို စိတ်ကူးယဉ်နေခဲ့ပါသည်။

ထိုအခါတွင် ကျွန်တော်သည် လက်ကို ယောင်ယမ်း ဖြောက်မိသွားလေသည်။ မိမိ၏ ရူးနှမ်းမှုအတွက် ကျိတ်ရယ်ချင်မိသွားရသည်။ ပြီးတော့ ဝမ်းနည်းစိတ်တွေလည်း ဖြစ်သွားသည်။ သူမ၏ လက်ကလေး တစ်ဖက်သာ ဘယ်သောအခါမျိုးကမှ ရောက်လာခဲ့တာမျိုး မရှိခဲ့တာ။

နောက်နှစ်များတွင် ပွဲခင်းထဲသို့ ရောက်ရှိခဲ့လျှင် သူမကို လိုက်မရှာဖို့ ဆုံးဖြတ်ခဲ့တော့သည်။ ယင်းအဖြစ်သနစ်များသည် နာကျင်ဖွယ်ရာ ကိစ္စတွေ မဟုတ်ပါလား။ ကျွန်တော်က ဆောင်းနှင်းမှုန်တွေ အကြားက ခေါင်ခိုက်အောင် အေးမြနေသော ပွဲခင်းကြီးဘေးမှာ ယောင်နနနှင့် ရှိနေစဉ်မှာ သူမကတော့ ချစ်သူအသစ် တစ်ယောက်ယောက်နှင့် သူ၏ ရင်ခွင်ထဲတွင် ခိုလှုံ မှေးစက်ရင်း ပွဲခင်းထဲမှာ ပျော်နေကြလိမ့်မည်။ ကျွန်တော့်မှာသာ သည်အရာတွေကို နာကျင်မှုအပြည့်နှင့် ငေးမောမိနေတာဟာ ဒဏ်ရာတွေကို အသစ်တစ်ဖန် တူးဆွနေမိတာ မဟုတ်ဘူးလား။

သည်တစ်ခါမှာလည်းကျောင်းသားဘဝတုန်းကလိုပင်ဝန်ထမ်းအဆောင်မှာ ဖဲရိုက်တော့ ထုံးစံအတိုင်း ဖဲတစ်ချပ် လိုနေပြန်ပါသည်။ လိုနေသည့် ဖဲချပ်ကလေးက တစ်ဂဏန်း အနီရောင် ဟတ်ဖဲပွင့်ကလေး ဖြစ်ပါသည်။ ကျွန်တော် ဒေါသထွက်ထွက်နှင့် ဘယ်လို ဒေါင်းရမလဲ ဆိုပြီး အော်လိုက်ချိန်မှာ ဘော်ဒါတစ်ကောင်က ဖဲချပ်ကလေးတစ်ချပ်ကို လာပေးသည်။ “ငါ အပြင် နှင်းတောထဲက တွေ့လို့ ကောက်လာတာ” ဟု ပြောသည်။ ဖဲချပ်ကလေးက နှင်းတွေနှင့် စိုစွတ်နေတာကို တွေ့ရပါသည်။ ဒါဆို ဒေါင်းမယ်နော်ဟု ဖဲရိုက်ဖော်တွေကို ပြောလိုက်တော့ သူတို့က သဘောတူ ခေါင်းညိတ်ပြပါသည်။ ကျွန်တော် အနည်းငယ် ပျော်သွားခဲ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ပျားရည်မြစ်ဖျား

သူများ တိုင်းပြည်တွေက အကြွေစေ့လေး ထည့်လိုက်တာနဲ့ ဂေါက်ခနဲ ကျလာတဲ့ Coke ဘူးတွေ ဘာတွေနဲ့ ဖြစ်နေချိန် ကျွန်တော်တို့ ငယ်ဘဝမှာတော့ Veve က ထုတ်တဲ့ မန်ကျည်းအချိုရည်၊ လိမ္မော်အချိုရည် C plus စတာတွေက မြန်မာပြည်ရဲ့ Coke ဘူးတွေလို့ ပြောရမလားပေါ့။

တီဗွီကနေ ထက်ထက်မိုးဦး ကြော်ငြာပြီး သောက်ပြကတည်းက သွားရည် ယိုနေတာ တစ်ဘူးကို ခုနစ်ဆယ်၊ တစ်ရာအကြား ရှိတော့ ဝယ်လည်း မသောက်နိုင်၊ အိမ်ကလည်း ပိုက်ဆံမပေး ဆိုတော့ ထုံးစံအတိုင်း ဘော်ဒါတွေနဲ့ အောက်ပိုင်း လုပ်ရတယ်။ အောက်ပိုင်း ဆိုတာ စကားဝှက်။ ပဲစင်းငုံခင်းက ပဲစင်းငုံစေ့တွေကို တစ်ဘူး အနည်းဆုံးရအောင် ပိုင်ရှင် မသိအောင် ဝင်ခူးတာ၊ ပြီးတော့ ပိုင်ရှင် မသိအောင် မန်ကျည်းပင်တွေပေါ် တက်ပြီး မန်ကျည်းသီး ခိုးတာ။ အဲဒါကို အောက်ပိုင်း လုပ်တယ်လို့ ခေါ်ကြတယ်။

အဲသလိုလုပ်ပြီး ဈေးဆိုင် သွားရောင်းရင်တော့ ပိုက်ဆံရသလို တစ်ယောက် တစ်ဘူး သောက်နိုင်တာမျိုးလည်း ရှိတယ်။ အရနည်းတဲ့ အခါကျတော့လည်း တစ်ယောက် တစ်ဝက်လောက် သောက်လိုက်၊ မဝတဲ့အခါ သောက်ရေအိုးက ရေယူ ရောလိုက်နဲ့ သောက်ရတာမျိုးလည်း ရှိတယ်။ ချောင်းထဲက သဲစတွေရဲ့ အောက်ပိုင်းထဲ မြှုပ်ထားရင် ရေခဲစိမ်သလို အေးတယ် ဆိုလို့ သဲတောထဲ ဖို့ပြီး သောက်ဖူးခဲ့တာတွေလည်း ရှိတယ်။

mgyoe.com

ကျွန်တော်တို့ဆီမှာက ရေခဲသေတ္တာ ဆိုတာ ရှိမှ မရှိတာကို။ ရေခဲ စားချင်ရင် တွင်းမရွာဘက်က လာရောင်းတဲ့ ရေခဲချောင်းသည်ကို စောင့်ရတယ်။ သူက ရေခဲသံပုံးကလေးကို စက်ဘီးနောက်က ကယ်ရီယာခုံမှာ တင်ပြီးတော့ ကြေးခေါင်းလောင်းကလေး တဂလောင်လောင် ခေါက်ရင်းနဲ့ ရွာထဲကို ဝင်လာတတ်တာ။ ရွာထဲက လူတွေကတော့ ရေခဲချောင်းသည်လို့ မခေါ်ကြဘဲ နို့အေးချောင်းသည် လို့ပဲ ခေါ်ကြတယ်။ သစ်သားပြားလေးပေါ်ကို နို့နှစ်ရောင် ဆမ်းထားတဲ့ အသည်းပုံ ရေခဲတုံးကလေးကို တင်ပြီး ဓားနဲ့ ပိုင်းလိုက်တဲ့အခါမှာ အသည်းပုံ ရေခဲတုံးကလေး ထွက်လာတယ်။ အဲဒီရေခဲတုံးကလေးရဲ့ အလယ်ကို ချွန်မြည့်နေတဲ့ သွားကြားထိုးတံလိုမျိုး ဝါးသားတံကလေးကို ဒေါက်ခနဲ စိုက်ချပြီးပြီဆိုရင် ကိုယ် တတ်နိုင်တဲ့ အခငွေကြေး ပေးစွမ်းမှုအလိုက် အသည်းပုံ ရေခဲချောင်းတုံး ကလေးတွေကို ပုံစံမတူတဲ့ အထူအပါး ဆိုဒ်အမျိုးမျိုးနဲ့ ရရှိပါလိမ့်မယ်။ ဒီနို့နှစ် ရောင် ရေခဲတုံးတွေကို အစွဲပြုပြီး နို့အေးချောင်းသည်လို့ ခေါ်ကြတာဖြစ်လိမ့် မယ်။ သူ့ရဲ့ ရေခဲပုံးထဲမှာတော့ ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ သံပရာရန့် ရေခဲထုပ်တွေ၊ ဆီးနံ့ကလေးပါတဲ့ ရေခဲထုပ်တွေ၊ နောက် အဲဒီအထုပ်တွေထက် ဈေးပိုကြီးတဲ့ အုန်းဆန်တွေ၊ သာဂူစေ့တွေနဲ့ ပေါင်မုန့်ဖတ်ကလေးတွေပါ ရောပါတဲ့ ရေခဲထုပ်ကလေးတွေ၊ အသင့်တုတ်ထိုးပြီးသား ပဲရန့် ပါတဲ့ ပဲရေခဲချောင်းတွေကို ဝယ်ယူ စားသုံးနိုင်ပါတယ်။

နွေဦး ဝင်ပြီ ဆိုတာနဲ့ ရေခဲချောင်းသည်ရဲ့ ကလိုင်သံ ချွင်ချွင်ကလေးကို ကြားရတာကလည်း နွေဦးကျက်သရေထဲက တစ်ခုပါပဲ။ ဘယ်လောက်ပဲ ပူပြင်းနေပါစေ၊ ဒီလိုရေခဲထုပ်ကလေးကို စုပ်ယူနေရတဲ့ အခိုက်အတန့်ဟာ နွေရဲ့ ပူလောင်မှုကို ခဏတော့ မေ့သွားစေတာပဲလေ။ ဒါကြောင့် ရေခဲချောင်းသည် ဂလောင်သံကလေးများ ကြားရင် ကျွန်တော်တို့ ကလေးများဟာ မိဘတွေဆီကို အတင်း ပူဆာတော့တာပဲ။ လက်ထဲမှာ တစ်ဆယ်တန်၊ နှစ်ဆယ်တန်ကလေးတွေ အသင့်ရှိပြီးသား မိဘတွေကတော့ သားသမီးတွေကို ရော့... အင့်... သွားဝယ်စားချည် ဆိုပြီး လွှတ်လိုက်နိုင်ပေမယ့် တချို့ ထန်းသမား မိသားစုတွေမှာတော့ တန်းခနဲ ပေးဖို့ ပိုက်ဆံ မရှိကြဘူး။ ထန်းလျက်ဖိုတဲ ရှေ့မှာ ထန်းလျက် ကျိုပြီး လှန်းထားတဲ့ ထန်းလျက်လုံးတွေပဲ ရှိသေးတာ။ ဖျာချပ်ပေါ်မှာ လှန်းလက်စ ထန်းလျက်လုံးတွေက မခြောက်တခြောက်။ ဒါပေမဲ့လည်း မိဘတွေမှာ မတတ်နိုင်၊

mgyoe.com

mgyoe.com SAMPLE BOOK

သားကလေး၊ သမီးကလေးတွေကို ခြောက်သွေ့စ ပြုမယ်ထင်တဲ့ ထန်းလျက်လုံးလေးတွေကို ကောက်ရွေးပြီး "သွား... ဈေးဆိုင်မှာ သွားရောင်းပြီး ဝယ်စား" ဆိုပြီးတော့ လွှတ်ကြရတယ်။ ကလေးတွေခမျာ ပုဆိုးဆန်ခါထဲကို ထန်းလျက်လုံးတွေ ထည့်ပြီးတော့ ပြေးကြရတယ်။ မပြေးလို့ကလည်း မရဘူးလေ။ ရေခဲချောင်းသည်က အကြာကြီး မနေဘဲ တစ်ရွာပြီး တစ်ရွာ ကူးရောင်းနေရတာကိုး။ တချို့အိမ်တွေကျတော့လည်း တစ်အိမ်လုံးက ရေခဲချောင်း အသည်းစွဲမို့ စတီးဖလားကြီးတွေ ပိုက်ပြီးလည်း လာဝယ်ကြတယ်။ ပြီးမှ သောက်ရေအိုးစင်အောက် တင်ထားပြီး ယူစားကြတာကိုး။

အရောင် အရသာ ကုန်သွားတဲ့ အခါမှာ ရေခဲတုံး ဖြူလွှလွှကြီးပဲ ကျန်ရစ်ခဲ့တယ်။ ကျွန်တော်တို့မှာ လွှင့်မပစ်ရက်။ အိမ်က သောက်ရေခွက်လေးထဲ ထည့်၊ ရေရောပြီးတော့ တစိမ့်စိမ့် သောက်ကြရပြန်တယ်။ အမေက ဒါတွေ မြင်ရတော့ " အောင်မယ်လေး... ခွက်တွေတော့ ညစ်ပတ်ကုန်ပါပြီ၊ ပြန်ဆေးရတာ ရေ ဘယ်လောက်ကုန်လဲ သိလား" စလို့ ဆူတာ ငေါက်တာမျိုးကို ခံကြရတယ်။ ဒါကြောင့် VeVe အချိုရည်တွေ ပေါ်လာတော့လည်း ခွက်ထဲကို ထည့်မသောက်ရဲကြဘူး။ ရေခဲချောင်းတွေလို အေးအေးကလေးသာဆို ဘယ်လောက် သောက်ကောင်းမလဲကွာပေ့ါ ။ မန်ကျည်းသီး ခိုးရောင်းပြီးလို့ ဝယ်သောက်ရတိုင်း ဒီလိုတွေးမိတာ ခဏခဏပေ့ါ။

သတိရမိဆုံး တစ်ခုက မြို့ပေါ်က ကြေးရတတ် သားသမီးတွေ ရွာကို အလည်လာကြတုန်းကပေ့ါ။ သူတို့က မြို့သူ မြို့သားတွေ ဆိုတော့ ဝတ်စားထားတာ အသားအရေကအစ ကွာခြားနေတော့ ကိုယ်တို့တွေမှာ သူတို့ တည်းတဲ့ အိမ်ကနေ ထွက်လာပြီတဲ့ကွ ဆိုရင် ဖြောင်လည်း မကြည့်ရဲတော့ လမ်းဘေးဝဲယာက မန်ကျည်းပင်တွေပေါ် ပြေးတက်ရတယ်။ မန်ကျည်းကိုင်း ကြားတွေကနေ သူတို့ လမ်းလျှောက်တာ၊ လမ်းလျှောက်ရင်း စိုးမြတ်နန္ဒာ ဘိုကေပုံစံ ဆံပင်လေးကို သပ်တင်လိုက်တာတွေကို မြင်ရတော့ တို့ရွာက ကောင်မတွေနဲ့တော့ တခြားစီပါပဲလားကွာလို့ ပြောခဲ့ရတာတွေပေ့ါ။ သူတို့တွေ လာရင်လည်း နောက်ထပ် ပျော်ရတာတွေ ရှိတယ်။ ဘာလဲဆိုတော့ ဗီဒီယို ငှားပေးတာပဲ။ ရွာက လူတွေကို ဗီဒီယို ကြည့်ကြပါစေ ဆိုတဲ့ သဘောပေ့ါ။ သူတို့ရဲ့ သားသမီးတွေ မြို့သူကလေးတွေကလည်း ရွာက ကောင်မလေးတွေလိုပဲ သနပ်ခါးဘဲကြားကလေးတွေ လိမ်းခြယ်ပြီး

mgyoe.com

တော့ ဗီဒီယို အတူတူ ထိုင်ကြည့်ကြတယ်။ ကျွန်တော်တို့ ကလေးများဟာ ထိုင်ကြည့်နေတဲ့ လူအုပ်ကြီးရဲ့ အစွန်တွေမှာ မတ်တတ်ကလေး ရပ်ရင်း၊ မန်ကျည်းပင်ပင်စည်ကြီးတွေကို ကွယ်ရင်း သူတို့လေးတွေကို ခိုးကြည့်ကြတယ်။ သူတို့ရဲ့မျက်နှာကလေးတွေကဗီဒီယိုဖန်သားပြင်ကနေ လာဟပ်တဲ့အလင်းတွေအောက်မှာ တောက်ပ လင်းလဲ့နေတယ်။ ပါးနုနုကလေး ပေါ်မှာ သနပ်ခါးကလေးတွေကလည်း ဖွေးဖွေးကလေး။ သူတို့မှာ ခုလို အုပ်လိုက်ကြီး ဗီဒီယိုကြည့်ရတာကို ပျော်နေတဲ့ ပုံ။ မင်းသားက လူဆိုးတွေနဲ့ ဖိုက်တင်ချလို့ နိုင်တိုင်း ရွာက ကောင်မလေးတွေနဲ့ အတူတူ လက်ခုပ် လက်ဝါးတွေ လိုက်တီးကြတယ်။ ပြီးရင် လက်ကလေး အုပ်ပြီး ရယ်နေကြတယ်။ ခိုးကြည့်နေတဲ့ ကျွန်တော်တို့ပါ လိုက်ရယ်မိကြတယ်။

ကျွန်တော်တို့ရွာရဲ့ အရှေ့ဘက်မှာ ဧရိယာ တော်တော်ကျယ်တဲ့ သောက်ရေကန်ကြီး တစ်ကန် ရှိတယ်။ ရေပြည့်တဲ့ မိုးတွင်းအခါများဆို ရေစိမ်းစိမ်း၊ သစ်ပင်စိမ်းစိမ်းနဲ့ အညာအင်းလျားကန်ပေါ့။ ကန်ရဲ့ အနောက်ဘက်မှာလည်း ရေကန်တွင်းကို ငိုက်ကျနေတဲ့ မန်ကျည်းပင် တစ်ပင်လည်း ရှိတယ်။ အဲဒီအပင်က ကန်ပေါင်စပ်မှာ ရှိနေပေမယ့် ထိုးထွက်နေတဲ့ ကိုင်းလက်တံရှည်ကြီး တစ်ခုက ကန်ထဲက ရေထုအပေါ်နား မရောက်တရောက် ဖြစ်နေတာ။ ဒန်းစီးသလို စီးချင်တာတို့၊ ကန်ထဲက ရေတွေကို အပေါ်စီးကနေ ငေးကြည့်ချင်တာမျိုးဆို အဲဒီနေရာကို တက်ပြီး ကြည့်လို့ ရတာပေါ့။ ယင်းမန်ကျည်းကိုင်းပေါ် တက်ထိုင်ရင်း အောက်ကနေ ဒန်းလွှဲသလို လွှဲပေးမယ်ဆို ကန်ရေထုပေါ် ဖြတ်တိုက်လာတဲ့ လေပြည်ကို ရှူရှိုက်ရင်း ရေပေါ် ပခက်စီးနေရသလို အခန့်သားပဲလေ။

မြို့ပေါ်က လာတဲ့ မြို့ပြနတ်သမီးလေးတွေက အဲဒီ မန်ကျည်းကိုင်းပေါ်ကို အရဲစွန့် တက်ကြတယ်။ နိမ့်နိမ့်ကလေး ဆိုတော့ တက်ရ လွယ်ပါတယ်။ သူတို့တွေကို ကျွန်တော်က မန်ကျည်းပင် ပင်စည်ကွယ်ပြီး ငါးမျှားသလိုလို ဘာလိုလိုနဲ့ ခိုးကြည့်နေတာရယ်။ အဲဒီအချိန်မှာပဲ အသားဖြူဖြူ ဆံပင်ကောက်ကောက်ကလေးနဲ့ ကောင်မလေးက ကျွန်တော့်ကို လှမ်းခေါ်ပါတယ်။ "ဟော့... တို့ကို ဒန်းလွှဲပေး" တဲ့။ ကျွန်တော်လည်း ရှက်ကိုးရှက်ကန်းနဲ့ ထွက်လာပြီး လွှဲပေးတာပေါ့။ ကိုင်းကလေးကို အောက်ကနေ ကိုင်ရင်း သူတို့က ကျွန်တော် တစ်ခါလွှဲတိုင်း ဟေးခနဲ အော်ကြတယ်။ ကျွန်တော် လွှဲနေရင်းနဲ့ မောလို့ ခေတ္တနားလိုက်ချိန်မှာ လက်ဖြူဖြူကလေးက ကျွန်တော့်မျက်နှာနား ရောက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အပေါ်ကို မော့ကြည့်လိုက်တော့ မန်ကျည်းကိုင်းတွေပေါ်မှာ ကျုံ့ကျုံ့ကလေး ထိုင်ရင်း ကျွန်တော့်ကို ဒန်းလွှဲခိုင်းတဲ့ ကောင်မလေးပေါ့။

လက်ကလေးထဲမှာ ကျွန်တော် အရမ်းသောက်ချင်တဲ့ Ve Ve မန်ကျည်း ရည် အဖျော်ရည်ဘူးကလေး။

"ငါတော့ နည်းနည်း သောက်ပြီးသွားပြီ၊ သောက်မှာ မဟုတ်လား ဟင်" တဲ့။

ကျွန်တော် ချက်ချင်း လှမ်းယူပြီး မော့သောက်မိတယ်။ ရွာမှာ သောက် နေကျ အုန်းဖျော်ရည်၊ မုန့်လက်ဆောင်း၊ မခင်ကြည် ရောင်းတဲ့ ထန်းလျက် ဆီး ဖျော်ရည်၊ တစ်လောက အောင်သူရတို့ အလှူမှာ သောက်ခွင့်ရတဲ့ ဘိလပ်ရည် စတဲ့ အဲဒီအရာတွေ အားလုံးနဲ့ မတူအောင် အရသာ ရှိလှတဲ့ Veve အချိုရည်ဘူး ကလေး။

နှုတ်ခမ်းနီ အနည်းငယ် ဆိုးထားတဲ့ သူမ နှုတ်ခမ်းကလေးနဲ့ ကနဦး ပေါင်းကူးထားလို့များ ပို၍ အရသာ ရှိနေလေသလား ဆိုတာတော့ ကျွန်တော် မသိနိုင်ခဲ့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

## ဆောင်းရဲ့ ပွဲတော်

ပခုက္ကူက နာမည်ကြီး ဝင်းမင်းဇာတ် လာကတော့ ကိုယ်တွေက လူပျိုပေါက်အရွယ်၊ ကလေးစိတ်တစ်ဝက်၊ လူကြီးစိတ်တစ်ဝက်။ ဆိုလိုချင်တာက စော်လေးတွေလည်း ငမ်းတတ်ပြီ။ ဒါပေမဲ့ ကလေးစိတ်ကလည်း မပျောက်သေးဘူး၊ အဆော့မက်တုန်း။

ပွဲခင်း ဆိုတော့ သိတဲ့အတိုင်းပဲ။ ရှေ့ဆုံးမှာဆို ကိုယ်တွေ ရွာနီးချုပ်စပ်က စော်ချောလေးတွေပဲ ထိုင်ကြည့်ကြတာ။ နောက်ပိုင်းတွေမှာက တခြားရွာဝေးက ဟာတွေ ဖျာမပါလည်း ကိုယ့်ဖိနပ်ကို ဖင်ခုပြီး ထိုင်ကြည့်ကြတာမျိုး။ တပို့တွဲလ ရောက်လို့ ပွဲတစ်ခါ ငှားတော့မယ်ဆို ကိုယ်တွေ ခုနစ်ရွာအုပ်စုက တစ်အိမ်ကို ပွဲငှားရမ်းခ နှစ်ထောင်ဆို နှစ်ထောင်၊ သုံးထောင်ဆို သုံးထောင် သူကြီးမင်း အိမ်ကို သွားပေးရတယ်။ ဒါက ရိုးရာလို ဖြစ်နေတော့ ဘယ်သူရယ်မှ ပွဲမငှားချင်ဘူးလို့ စောဒက တက်နေကြတာရယ်လို့ မရှိဘူး။ ကြည်ကြည်ဖြူဖြူ ပေးကြသူတွေက များပါတယ်။

လူတွေမှာလည်း တစ်နှစ်လုံး တစ်ဆောင်းလုံး ကုန်းနေအောင် အလုပ်လုပ်ရတာ ပျော်ပွဲ ရွှင်ပွဲ ဆိုလို့ ဒီရက်ကလေးပဲ ရှိတာကို။ နယ်ဝေး ထွက်ပြီး အလုပ်လုပ်နေသူကအစ တပို့တွဲလ ဘုရားပွဲကို အားခဲပြီး ပြန်လာကြတယ်။ ဒီတော့ တပို့တွဲ ဇာတ်ပွဲက စည်လည်း စည်တယ်။ ကိုယ်တွေ ငယ်ငယ်ကများဆို ပွဲခင်းနံ့ရဲ့

mgyoe.com